ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၁၈)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၉.၅၃) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသန်းမြင့်၊ တနင်္သာရီ(၁၀)၊ မျက်စိခွဲ၊ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ရွေးကောက်ပွဲကော်မရှင် အစည်းအဝေး။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာစိုးဝင်း၊ မွန်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းလွန်းအောင်၊မွန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်ရေးကိုယ်တာ။ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်(၁)၊ ကျန်းမာရေး။ ဒုတိယဗိုလ်မှူးကြီးဇော်မိုး၊ တပ်မတော်၊ ကျန်းမာရေး။ ဒုတိယဗိုလ်မှူးကြီးမင်းသူ၊ တပ်မတော်၊ တာဝန်။ ဦးစောသောင်းဖေ၊ မွန်(၈)၊ ဖွံ့ဖြိုးရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ သမ္မတရုံးဝန်ကြီးဌာန (၁)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များကသက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုအန္တရာယ်ကို နှစ်ပေါင်း(၁၀)နှစ်ခန့် ခံစားခဲ့ကြရသည့် ပန်းတနော်မြို့နယ်၊ ရေပေါ်ကြီးကျေးရွာအုပ်စုနှင့် တောကျောင်းကျေးရွာအုပ်စု ဒေသခံပြည်သူများအတွက် နိုင်ငံတော်မှ ပံ့ပိုးကူညီ လုပ်ကိုင်ဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဝင်းသိန်း က ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုအန္တရာယ်ကို နှစ်ပေါင်း(၁၀)နှစ်ခန့် ခံစားခဲ့ကြရသည့် ပန်းတနော်မြို့နယ်၊ ရေပေါ်ကြီးကျေးရွာအုပ်စုနှင့် တောကျောင်းကျေးရွာအုပ်စု ဒေသခံပြည်သူများအတွက် နိုင်ငံတော်မှ ပံ့ပိုးကူညီလုပ်ကိုင်ဆောင်ရွက်ပေးမည့် အစီအစဉ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးဝင်းသိန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်မြေအမှတ်(၉)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်းဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော်တို့ ပန်းတနော်မြို့နယ်မှာ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှု အန္တရာယ်ကို နှစ်ပေါင်း(၁၀)နှစ်ခန့် ခံစားခဲ့ရတဲ့ ဒေသခံပြည်သူများအတွက် နိုင်ငံတော်မှ ပံ့ပိုးကူညီလုပ်ဆောင်ပေးမည့် အစီအစဉ်ရှိ/မရှိ သိရှိလို၍ မေးမြန်းတဲ့မေးခွန်းဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်မှာ ရေပေါ်ကြီးကျေးရွာအုပ်စုနဲ့ တောကျောင်းကျေးရွာအုပ်စုတို့ရှိပါတယ်။ရေပေါ်ကြီးကျေးရွာအုပ်စုမှာကျေးရွာခွဲ(၆)ရွာနဲ့ တောကျောင်းကျေးရွာအုပ်စုရှိ ကျေးရွာ(၆)ရွာတို့မှာ ဧရာဝတီမြစ်ကမ်းနဖူးမှာ တည်ရှိတဲ့ ရွာများဖြစ်ပါတယ်။ အဲဒီကျေးရွာခွဲများဟာ ၂၀၀၅ ခုနှစ်မှ စတင်ပြီး ဧရာဝတီမြစ်ရေရဲ့ မြစ်ကြောင်းပြောင်းလဲမှုကြောင့် မြစ်ရေတိုက်စားမှုများဖြစ်ပေါ်ကာ ကမ်းပါးပြိုကျမှု အန္တရာယ်ကို စတင်ခံစားလာခဲ့တာဟာ ယခုနှစ် တိုင် (၁၀)နှစ်ခန့်ရှိပြီဖြစ်ပါတယ်။

တောကျောင်းကျေးရွာအုပ်စုဟာ ယခင်က မြေဧရိယာစတုရန်းမိုင်(၁၁.၀၉)စတုရန်းမိုင်ရှိခဲ့ရာမှ ယခုအခါမှာ(၉.၄၂)ဧရိယာစတုရန်းမိုင်သာ ကျန်ရှိခဲ့ပါတယ်။ မြစ်ရေတိုက်စားမှုကြောင့် မိုးတွင်းကာလတွေရောက်ရင် တစ်လကို ပေ(၃၀၀)ခန့် ကမ်းပါးပြိုကျပျက်စီးမှုများရှိခဲ့ပါတယ်။ ထို့အတူ ရေပေါ်ကြီးကျေးရွာအုပ်စုမှာလည်း ယခင်ကမြေဧရိယာစတုရန်းမိုင်(၈.၆၅)ရှိခဲ့ရာမှ ယခုအခါတွင် စတုရန်းမိုင်(၃.၀၀)ဧရိယာသာ ရှိခဲ့တာကို တွေ့ကြရပါတယ်။ မိုးတွင်းကာလမှာ တစ်လလျှင် ပေ (၄၀၀) ခန့် ကမ်းပါးပြိုပျက်စီးမှုများ ရှိခဲ့တာကို ကြုံတွေ့ကြရပါတယ်။

ကမ်းပါးပြိုကျမှု စတင်ခံစားရတဲ့နှစ်များမှ စတင်ပြီးတော့ လူနေအိမ်တွေ၊ အလယ်တန်းကျောင်းတွေ၊ မူလတန်းကျောင်းတွေ၊ နောက်တစ်ခါ ဘာသာရေးနဲ့ပတ်သက်တဲ့ အဆောက်အဦတွေ၊ အကြိမ်ကြိမ်ပြောင်းရွှေ့ခဲ့ရတဲ့အတွက် ထိခိုက်ဆုံးရှုံးမှုဟာ ကျပ်သိန်းပေါင်း(၃)သောင်းကျော် အထိရှိလာတာကို တွေ့ရှိပါတယ်။ နှစ်ကာလကြာလာတာနဲ့အမျှ စိုက်ပျိုးမြေများ ဝယ်ယူစိုက်ပျိုး၊ စားသောက်နိုင်မှုမရှိဘဲ နေအိမ်ဆောက်လုပ်ရန် မြေနေရာပင် အခက်အခဲနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ကမ်းပါးပြိုမှုဒဏ်ကို

အလူးအလဲ ခံစားနေရသူများသာမက အဲဒီ ပုဂ္ဂိုလ်တွေ သွားရောက်ပြောင်းရွှေ့ နေထိုင်တဲ့ရွာများမှာ စိုက်ပျိုးမြေအခက်အခဲများနဲ့ ရင်ဆိုင်ရပါတယ်။

လက်ခံထားတဲ့ ရွာသားတွေကလည်း နေအိမ်ဆောက်လုပ်ရန်အတွက် ရောင်းချရမယ့် မြေတောင် မရှိတော့တဲ့ အခြေအနေကို ရောက်ရှိလာပါတယ်။ အိမ်မြေ၊ ခြံမြေ မဲ့ပြီး ဆင်းရဲကျပ်တည်းတဲ့ အိမ်ထောင်စုပေါင်း(၁၀၀၀)နီးပါးခန့်ရှိနေတာကိုတွေ့ရပါတယ်။ ကမ်းပါးပြိုကျမှုကြောင့် မြေဧရိယာ ပေါင်း(၃၀၀၀)ခန့်ဆုံးရှုံးနေတာကို ဖြစ်ကြောင်း ဒေသခံများရဲ့တင်ပြစာများအရ သိရှိရပါတယ်။ ယခင် ကာလက မိမိပိုင် လယ်ယာမြေ၊ ခြံမြေများမှာ အေးချမ်းစွာဖြင့် စိုက်ပျိုးလုပ်ကိုင်စားသောက်ခဲ့ကြရ ပေမယ့် ယခုအခါမှာ စိုက်ပျိုးစရာ မြေမရှိတော့တဲ့အပြင် လူနေအိမ်ဆောက်လုပ်ရန်ပင် အခက်အခဲ များနဲ့ကြုံတွေ့နေကြရပါတယ်။ အချို့မိသားစုများမှာ အခြားဒေသသို့ ပြောင်းရွှေ့နေထိုင်ကြပေမယ့် မိသားစုအများအစုမှာကတော့ မိမိဒေသမှာပင် မြေမဲ့၊ ယာမဲ့၊ အလုပ်မဲ့ ဘဝဖြင့် အခက်အခဲပေါင်းများစွာကို ခါးစည်းခံစားရပြီးတော့ ဒေသစွဲနဲ့ ဆက်လက်နေထိုင်ကြပါတယ်။

မိဘများရဲ့ အတိဒုက္ခရောက် ဆင်းရဲနွမ်းပါးမှုကြောင့် သားသမီးတွေရဲ့ ပညာရေးဟာလည်း အခက်အခဲပေါင်းများစွာနဲ့ ကြုံတွေ့နေကြရပါတယ်။ ဒေသခံပြည်သူများရဲ့ ကမ်းပါးပြိုကျမှုကြောင့် ခံစားရတဲ့ ဒုက္ခဆင်းရဲများကို မှတ်တမ်းများနဲ့အတူ တင်ပြလာကြပါတယ်။ သို့ဖြစ်ပါ၍ မိမိနိုင်ငံအတွင်း အတူတကွနေထိုင်သော ရေပေါ်ကြီးကျေးရွာအုပ်စုနဲ့ တောကျောင်းကျေးရွာအုပ်စုများမှ နိုင်ငံသားများ အတွက် နိုင်ငံတော်မှ မည်သို့ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ/မရှိနဲ့ မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါ တယ်ခင်ဗျာ။ အားလုံး ကျေးဇူးတင်ပါတယ်။

**ပဲခူးမြို့နယ်၊ ဈေးညောင်ပင်ကြီးကျေးရွာ၊ ဝက်မ္ဘာရိုး (ခေါ်) ကျုံကပင်ရိုးအား မူလဧရိယာအကျယ်အဝန်း အတိုင်း ချဲ့ထွင်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က ပဲခူးမြို့နယ်၊ ဈေးညောင်ပင်ကြီးကျေးရွာ၊ ဝက်မ္ဘာရိုး (ခေါ်) ကျုံကပင်ရိုးအား မူလဧရိယာ အကျယ်အဝန်းအတိုင်း ချဲ့ထွင်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုမွန် ကောင်းများတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးမြို့ နယ်၊ ဈေးညောင်ပင်ကြီးကျေးရွာ၊ ဝက်မ္ဘာရိုး (ခေါ်) ကျုံကပင်ရိုးကို မူလဧရိယာ အကျယ်အဝန်း အတိုင်း ချဲ့ထွင်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးမြို့နဲ့ အောက်စီတီးအရှေ့ကျေးရွာအုပ်စုနဲ့ အထက်စီတီးအရှေ့ကျေးရွာအုပ်စု၊ ဒီကျေးရွာအုပ်စုကြီး(၂)ခုမှာရှိတဲ့ အောက်စီတီးအရှေ့ကျေးရွာ ဝက်မ္ဘာရိုး ခေါ်တဲ့ ကျုံကပင်ရိုးဟာ အထက်စီတီး အရှေ့ကျေးရွာ ကွဲရိုးကို စီးဆင်းတဲ့ရိုး ဖြစ်ပြီးတော့ နှစ်စဉ် ရေကြီးရေလျှံ ဖြစ်ပေါ်နေတာဟာ ကာလအတော်ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီရိုးဟာ အရှည် (၃၀၀၁၅) ပေ၊ အကျယ် (၂၀)ပေ ရှိပြီးတော့ အချိန်ကာလကြာမြင့်ပြီးတော့ တိမ်ကောနေတဲ့အတွက် နှစ်စဉ် ရေကြီးရေလျှံ ဖြစ်ပေါ်ရခြင်း ဖြစ်ပါတယ်။

ကွင်းအမှတ် ၆၃၃(က-ခ)၊ ကွင်းအမှတ် ၆၃၁(ခ၊မ) ရှိ လယ်မြေဧက (၁၁၅၀)ခန့်ဟာ ပျက်စီးပြီးတော့ တောင်သူလယ်သမားများ(၂၅၀)ကျော်ဟာ ဒုက္ခရောက်လျက်ရှိပါတယ်။ နွေရာသီမှာလည်း နွေစပါးစိုက်ပျိုးဖို့ ရေပေးဝေရာမှာ ရိုးဟာတိမ်ကောနေတဲ့အတွက် ရွှေတိဂုံလေးဘုရားအနီးအထိသာ ရေရောက်ရှိတဲ့အတွက် လယ်သမားများ အခက်အခဲထပ်မံပြီးတော့ တွေ့ရှိနေရပါတယ်။ သို့ဖြစ်ပါ၍ ၎င်းရိုးရဲ့ မူလဇရိယာအရှည်(၃၀၀၁၅)ပေ၊ အကျယ်(၂၀)ပေရှိတဲ့ အကျယ်အဝန်းအတိုင်း ချဲ့ထွင်တူးဖော်ရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တောင်သူလယ်သမားများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန - ၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ၊ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း ၏ မေးမြန်းခြင်းနဲ့ပတ်သက်ပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ကိုယ်စား လေးစားစွာဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော် မြို့နယ်အတွင်းရှိ ရေပေါ်ကြီး ကျေးရွာအုပ်စုနှင့် တောကျောင်းကျေးရွာအုပ်စုတို့တွင် ဧရာဝတီမြစ်ရေတိုက်စားမှု အခြေအနေအား ကွင်းဆင်းတိုင်းတာစစ်ဆေး၍ တိုင်းတာရရှိလာသော ရေလမ်းမြေပုံကို အခြေအနေအရ ဆောင်ရွက်သင့်သော အစီအမံများရေးဆွဲကာ ရန်ပုံငွေရရှိရေး တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း၏ မေးမြန်းခြင်းနှင့် ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့ရဲ့ကိုယ်စား လေးစားစွာ ဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ် ပါတယ် ခင်ဗျား။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ် အောက်စီတီးကျေးရွာအုပ်စု၊ ဈေးညောင်ပင်ကြီးကျေးရွာ၊ အနီးရှိ ဝက်မှာရိုး (ခေါ်) ကျုံကပင်ရိုးဟာ အောက်စီတီးကျေးရွာအုပ်စုမှ စတင်စီးဆင်းလာပြီး အထက်စီတီးကျေးရွာအနီး ကျွဲရိုးသို့စီးဆင်းကာ ၎င်းမှတစ်ဆင့် ပဲခူး-စစ်တောင်းတူးမြောင်းအတွင်းသို့ စီးဝင်ပါတယ်။ ယခုအခါ အဆိုပါရိုးမှာ နှစ်ကာလကြာမြင့်ခဲ့ပြီဖြစ်၍ တိမ်ကောလာပြီး ကိုင်းပင်များ၊ မြက်ပင်များနှင့် ပိတ်ဆို့ကာ ရေစီးရေလာ ကောင်းမွန်ခြင်းမရှိသောကြောင့် ကွင်းအမှတ် ၆၃၃ (က-ခ)၊ ၆၃၁ (ခမ) ရှိ လယ်မြေဧက (၁၁၅၀)ခန့်မှာ ရေကြီးရင်း နစ်မြုပ်မှုနှင့် ကြုံတွေ့နေရပါတယ်။ ဝက်မှာရိုး (ခေါ်) ကျုံကပင်ရိုး ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးမည်ဆိုပါက အောက်စီတီး ကျေးရွာအုပ်စု၊ အထက်စီတီးကျေးရွာအုပ်စုနှင့် ညောင်ပင်ကြီးကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက (၁၁၅၀)ခန့်အား ရေကြီးနစ်မြုပ်မှုမှ အထိုက်အလျောက်ကာကွယ် ပေးနိုင်မည်ဖြစ်ပြီး နွေစပါး စိုက်ပျိုးသော ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေရရှိမှု အခက်အခဲများမှ လျော့ပါးသက်သာလာ စေမည် ဖြစ်ပါတယ်။

အဆိုပါရိုး တူးဖော်ရေးလုပ်ငန်းအား ၂၂-၁၂-၂၀၁၄ ရက်နေ့ ပဲခူးမြို့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ တောင်သူပွဲ ရေးရာ လူထုတွေ့ဆုံပွဲ၌ ဒေသခံပြည်သူများမှ တင်ပြထားသော လုပ်ငန်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဝက်မှာရိုး (ခေါ်) ကျုံကပင်ရိုး တူးဖော်ရေးလုပ်ငန်း အလျား(၂.၈၄)မိုင်၊ မြေကြီး (၂၉၆၅၀)ကျင်းအတွက် ခန့်မှန်းကုန်ကျ ငွေကျပ်(၁၁၅.၈)သန်းအား၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေ B.E တွင် ရန်ပုံငွေ တင်ပြတောင်းခံပြီး ဖြစ်ပါ၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများ ဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ပျဉ်ကိုင်းကျေးရွာသည် ဝေးလံခေါင်းပါးဒေသဖြစ်သဖြင့် ကျန်းမာရေးဌာန၏ သတ်မှတ်ချက်များ လျှော့ပေါ့စဉ်းစားပြီး ကျေးလက်ကျန်းမာရေးဌာနတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် က စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်၊ ပျဉ်ကိုင်း ကျေးရွာသည် ဝေးလံခေါင်းပါးဒေသဖြစ်သဖြင့် ကျန်းမာရေးဌာန၏ သတ်မှတ်ချက်များ လျှော့ပေါ့စဉ်းစားပြီး ကျေးလက်ကျန်းမာရေးဌာနတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်နဲ့ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ဒီနေ့ မေးမြန်းမယ့် ကျွန်တော်တို့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်ဒါ မေးတာဟာ တတိယအကြိမ်ဖြစ်ပါတယ်။

ဒါလည်းကျွန်တော်တို့ ဒေသခံပြည်သူလူထုရဲ့ ပြင်းပြတဲ့ဆန္ဒကြောင့်မို့ တတိယအကြိမ် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်း၊ ကလေးခရိုင်၊ မင်းကင်းမြို့နယ်က ပျဉ်ကိုင်း ကျေးရွာဆိုတာ သူရဲ့ လမ်းပန်းဆက်သွယ်ရေးအခြေအနေကို ပထမဆုံးတင်ပြလိုပါတယ်။ ကျွန်တော် မင်းကင်းမြို့ကနေပြီးတော့မှ ချင်းတွင်းမြစ်ကြောင်းအတိုင်း(၁၅)မိုင်စုန်ဆင်းရင် မောက်ကတော်ကျေးရွာ ရောက်ပါတယ်။ အဲဒီ မောက်ကတော်ကျေးရွာကနေပြီးမှ ကျွန်တော်တို့ စေတလုံးချောင်းရိုး (ခေါ်) မောက်ကတော်ချောင်းရိုးအတိုင်း မိုင်(၂၀)လောက်သွားမှ ပျဉ်ကိုင်းကျေးရွာကို ရောက်တာ ဖြစ်ပါ တယ်။ ဒါကျွန်တော်တို့ လမ်းတွေဘာတွေ သီးခြားမရှိပါဘူး။ ချောင်းရိုးအတိုင်းသွားရတာဖြစ်ပါတယ်။

အဲဒီတော့ စေတလုံးချောင်းရိုးကလည်း ကျွန်တော်တို့ရေကျရင် ဝါးလုံးထိုးစီးဆင်းလှေ့ရှိပြီး ရေမကျတဲ့အချိန်မှာလည်း ပေ(၂၀၀)၊(၃၀၀)လောက်ကျယ်တဲ့ သဲချောင်းကြီးဖြစ်ပါတယ်။ ဆိုင်ကယ်တွေ ဘာတွေနဲ့ သွားလို့ရသော်လည်းပဲ လမ်းရယ်လို့သတ်သတ်မှတ်မှတ်မရှိဘဲ သဲတောမှာစီးရတာ ဖြစ်တဲ့ အတွက် အန္တရာယ်ကြီးမားလှပါတယ်။ ပျဉ်ကိုင်းကျေးရွာအုပ်စုက ကျေးရွာ(၇)ရွာ ပါပြီးတော့ သူ့အနီး မှာရှိတဲ့ ဇလုတ်ဝကျေးရွာအုပ်စုဟာ ကျေးရွာ(၃)ရွာပါဝင်ပါတယ်။ ကျေးရွာအုပ်စု(၂)အုပ်စုနဲ့ ကျေးရွာ (၁၀)ရွာဖြစ်ပါတယ်။

အဲဒီတော့ ပျဉ်ကိုင်းကျေးရွာအုပ်စုဟာ အလယ်ဗဟိုလည်းကျပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးဌာနရဲ့ သတ်မှတ်ချက်အတိုင်းဆိုရင်တော့ ကျွန်တော်တို့ဒါ ရစရာအကြောင်းလည်း မရှိပါဘူး။ သို့သော်လည်းပဲ ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ ဒီကျေးရွာဟာ ဒါ ကျွန်တော်တို့ တည်နေရာ ကတော့ မဟာမြိုင်တောကြီးရဲ့ အလယ်မှာရှိတာဖြစ်ပါတယ်။ မဟာမြိုင်တောကြီးဟာ ကျွန်တော်တို့ အဖိုးတန်သစ်တွေ ခုတ်ယူခဲ့ပြီးတော့ တန်ချိန်ပေါင်း သန်းချီထုတ်ယူခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်အတွက် ဘဏ္ဍာငွေလည်း အများကြီးရှာပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒါပေမယ့် လည်း ဒီကျေးရွာတွေဟာ ကျန်းမာရေးအဆင့်မှာ အများကြီးနိမ့်ကျနေပါတယ်။

အဲဒီတော့ အဲဒီမှာ ကျွန်တော်တို့ ရှိတာက ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိတဲ့အတွက် ကျေးလက်ကျန်းမာရေးဌာနခွဲဆိုတာ ကျွန်တော်တို့ ဒါသားဖွားဆရာမပဲရှိတာပါ။ သားဖွားဆရာမဆိုတာ က ကျန်းမာရေးစောင့်ရှောက်မှုမှာ ကျွန်တော်တို့ အများကြီး အားနည်းပါတယ်။ ကျွန်တော်တို့ တကယ်လို့များ ကျေးလက်ကျန်းမာရေးဌာန ရရှိမယ်ဆိုရင် ပညာပေးတာရော၊ ကုသတာရောဟာ ကျွန်တော်တို့ အများကြီး ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီဒေသဟာ တစ်စုံတစ်ရာ ကျန်းမာရေး ပြဿနာဖြစ်တယ်ဆိုရင် ကျွန်တော် ခြေကျင် လူထမ်းနဲ့ ဆင်းရတဲ့ဒေသ ဖြစ်ပါတယ်။ စောင်ပုခက်နဲ့ ဒါကျွန်တော်တို့ တစ်ရွာလုံးထွက်ပြီး ဒါကျွန်တော်တို့ စောင်ပုခက်နဲ့ သယ်ပြေးရတာ ဖြစ်ပါတယ်။ ကျွန်တော် တစ်ခါလည်း ပြောဖူးပါတယ်။ ကျွန်တော်တို့ ဒီကျွဲခတ်တဲ့ လူနာကို ချောင်းရိုးအတိုင်း

တစ်ရွာလုံး ထွက်ပြီးတော့ စောင်ပုခက်နဲ့ ပြေးပြီးသယ်ရတာ၊ ပြေးသယ်ရတာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒါ အဲဒီကနေပြီးမှ မောက်ကတော်ရောက်၊ မောက်ကတော်ကနေပြီးမှ ကျွန်တော်တို့ စက်လှေနဲ့ မင်းကင်း ဆေးရုံကို တင်ရတာဖြစ်ပါတယ်။ အဲဒီတော့သူဟာ သွေးအများကြီး သွေးထွက်လွန်သွားပါတယ်။ အဲဒါကြောင့် သူဟာ ကျွန်တော်တို့ ဆုံးပါးလုနီးပါးအခြေအနေကနေ ကယ်နိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ သူ့မှာ တကယ်လို့များ အဲဒီကျေးရွာမှာ ကျွန်တော်တို့ ကျေးလက် ကျန်းမာရေးဌာနများရှိမယ်ဆိုရင် ဒါကျွန်တော်တို့ သွေးထွက်မလွန်အောင် သူ့ကို ကျွန်တော်တို့ ကျန်းမာရေး ရှေးဦးစောင့်ရှောက်မှုတွေ လုပ်နိုင်မှာဖြစ်ပြီးတော့ အသက်ကိုလည်း လွယ်လွယ်ကူကူ ကယ်ဆယ်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ကျွန်တော့်အနေနဲ့ ဒါ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ်၊ ဝေးလံခေါင်းပါးတဲ့ ပျဉ်ကိုင်းကျေးရွာမှာ ဌာနရဲ့သတ်မှတ်ချက်များ လျော့ပေါ့ပြီး ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးရန် အစီအစဉ်ကို အစီအစဉ်ရှိ/မရှိကို ဒါ ကျွန်တော်တို့ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျာ။

**ကူးစက်မြန် အီဘိုလာရောဂါ (Ebola Virus Disease, EVD) ကူးစက်ပြန့်ပွားလာမှု မရှိရေးနှင့် ထိန်းသိမ်းနိုင်ရေးအတွက် မည်သို့စီစဉ်ဆောင်ရွက် ပြင်ဆင်ထားရှိသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က ကူးစက်မြန် အီဘိုလာရောဂါ (Ebola Virus Disease, EVD) ကူးစက်ပြန့်ပွားလာမှု မရှိရေးနှင့် ထိန်းသိမ်းနိုင်ရေး အတွက် မည်သို့စီစဉ်ဆောင်ရွက် ပြင်ဆင်ထားရှိသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအား အမှူးထား၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကော်မရှင်အဖွဲ့ဝင်များ အားလုံးကို လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းဟာ ကျန်းမာရေးဌာနနဲ့ ပတ်သက်တဲ့ မေးခွန်းကို ၂၀၁၄ ခုနှစ် အောက်တိုဘာလ (၁၁)ကြိမ်မြောက် အစည်းအဝေး ကျင်းပနေတုန်းက မေးတာ ဖြစ်ပေမယ့် အဲဒီအချိန်တုန်းက မေးခွန်းတွေ ကြပ်ပြီးတော့ ဖြေဆိုရန်လည်း အဆင်သင့် မဖြစ်သေးတဲ့ အတွက်ကြောင့် ဒီနေ့ ကျွန်တော် မေးရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် မေးခွန်းထဲမှာ ယခုနှစ်လို့ ပြောတဲ့ဟာ အမှန်ကတော့ ၂၀၁၄ ခုနှစ် ဖြစ်ပါတယ်။

၂၀၁၄ခုနှစ် မတ်လအတွင်းက အာဖရိကတိုက် အာဖရိကနိုင်ငံ Guinea နိုင်ငံမှာ စတင် ဖြစ်ပွား ပြီးတဲ့နောက် အခြား အနောက်အာဖရိကနိုင်ငံများကို ကူးစက်မြန်ရောဂါ (Pendamic Disease) အဖြစ်နဲ့ ကူးစက်ပြန့်ပွား သွားပြီး လူအသေအပျောက်လည်း အလွန်မြင့်မားတဲ့ ဘယ်လောက်ထိအောင် မြင့်လဲဆိုရင် (၅၀)ရာခိုင်နှုန်းခန့်ထိအောင် မြင့်မားတာ ဖြစ်ပါတယ်။ Ebola Virus ရောဂါ Ebola Virus

Disease EVD ဟာ လူသားတွေရဲ့ ကျန်းမာရေးကို ခြိမ်းခြောက်လာတဲ့ ကျန်းမာရေးဆိုင်ရာ စိုးရိမ်ဖွယ် ကိစ္စတစ်ခု (Health Hazard) တစ်ခု အဆင့်ကို ရောက်လာခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အီဘိုလာရောဂါနဲ့ပတ်သက်လို့ စတင်ပြီး ကမ္ဘာပေါ်မှာ မှတ်တမ်းတင်နိုင်တာ ၁၉၇၆ လို့ ကျွန်တော်တို့ သိရပါတယ်။ အဲဒီတုန်းကတော့ ကိုယ်တွင်းသွေးယို ထွက်ခြင်းတွေ ဖြစ်တဲ့အတွက်ကြောင့် Ebola- Haemorrhage Disease လို့ ခေါ်ခဲ့ကြောင်း သိရပါတယ်။ Ebola Virus ကို ဖော်ထုတ်နိုင်တာကတော့ ၁၉၇၆ ခုနှစ်က Sub-Saharan Africa လို့ ခေါ်တဲ့ နိုင်ငံငယ်တစ်ခု ဖြစ်တဲ့ Guinea မှာ ရွာလေး (၂)ရွာ ရှိပါတယ်။ နဆာဒါနဲ့ လီယန်ပွတ် အဲဒီနားက ရွာမှာ တွေ့တာ ဖြစ်ပါတယ်။ အဲဒီရွာဘေးမှာ ဖြတ်စီးတဲ့ ချောင်းနာမည်က အီဘိုလာပါ။ ဒါကြောင့် ဒီရောဂါပိုးကို တွေ့တဲ့အခါ Ebola Virus လို့ ဒီလို နာမည်ပေးခြင်း ဖြစ်ပါတယ်။ အဲဒီ ၁၉၇၆ ကနေ ၂၀၁၃ ထိ နှစ်ထဲမှာ မှတ်တမ်းတင်ထားနိုင်တဲ့ Out break အကြိမ်ပေါင်းက (၂၄)ကြိမ် ဖြစ်ခဲ့ပြီးတော့ Cases က အားလုံးပေါင်း ရောဂါမှတ်တမ်း တင်ထားတာ ကျွန်တော်တို့ (၁၇၁၆)ဦးပဲ ဖြစ်ခဲ့ပါတယ် ကာလအကြာကြီး။ ဒါပေမဲ့ ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀၁၄ မတ်လမှာ စဖြစ်တဲ့အချိန်မှာ အခု ပြီးခဲ့တဲ့ ၂၀၁၅ ဖေဖော်ဝါရီလ အထိ ၁၀ ရက်နေ့ထိ မှတ်တမ်း အရတော့ ဘယ်လောက်တောင် များလာလဲဆိုရင် Guinea ရယ်၊ Sierra Leone ရယ် နောက် Liberia (၃)နိုင်ငံမှာဖြစ်တဲ့ Cases တွေက (၂၃၆၃၄)ဦးထိအောင်ရှိပြီးတော့ (၉၂၆၈)ဦး သေဆုံးခဲ့ပါတယ်။ ဒါကြောင့် Mortality Rate ပေါ့ သေဆုံးမှုရာခိုင်နှုန်းက (၄၀)ရာခိုင်နှုန်း နီးပါးရှိတာ တွေ့ရပါတယ်။ အချို့ဒေသ လေးတွေမှာ Isolated Case ဆိုရင် (၂၅)ရာခိုင်နှုန်းကနေ (၉၀)ရာခိုင်နှုန်းထိအောင် သေဆုံးကြောင်း တွေ့ရပါတယ်။

အဲဒီရောဂါတွေမှာ ဖြစ်ခဲ့တဲ့ အစအန ပြန်ကောက်တဲ့အခါကျတော့ ရောဂါသယ်ဆောင်တဲ့ ပုဂ္ဂိုလ် ဘယ်သူဖြစ်နေလဲဆိုတော့ Fruit bat လို့ ခေါ်တဲ့ အသီးစားတဲ့ လင်းနို့တွေ ဖြစ်နေတာ တွေ့ရပါတယ်။ အဲဒီလင်းနို့တွေက သဘာဝမှာ Carrier ရောဂါ သယ်ဆောင်သူ ဖြစ်နေပြီးတော့ သူတို့ စားလို့ ပြုတ်ကျတဲ့ အသီးအပဲ့အရွဲ့တွေကို စားမိတဲ့ ပရိုင်းမိတ်ပေါ့ ချင်ပန်စီတို့ Baboon တို့လိုမျောက်တွေက စားပြီးရင်သူတို့က စပြီး ကူးပါတယ်။ အဲဒီပရိုင်းမိတ်က တစ်ဆင့် ဒီဟာတွေကို သတ်ဖြတ်စားသောက် တဲ့ တောတွင်းနေ တိုင်းရင်းသားတွေကို ကူးစက်တာ ဖြစ်ပါတယ်။ အဲဒီက ကူးစက်တာတော့ လူလူချင်း ကတော့ လူကထွက်တဲ့ ခန္ဓာကိုယ် အရည်ကြည် Body Fluid ဖြစ်တဲ့ ဆီးတို့၊ သွေးတို့၊ မိခင်နို့ရည်တွေကနေ ဆက်ပြီးကူးစက်တယ်လို့ သိရပါတယ်။ သတ္တဝါမှာတော့ သတ္တဝါချင်းကူးတာ ဝက်ကနေ ပရိုင်းမိတ်ကို ကူးတာ တွေ့ဖူးပေမယ့် ပရိုင်းမိတ် ပရိုင်းမိတ် ချင်းမကူးသလို ကိုက်တတ်တဲ့သတ္တဝါ ဖြစ်တဲ့ ပိုးမွှားဖြစ်တဲ့ ခြင်တွေ ဘာတွေကလည်း ကူးတာ မတွေ့ပါဘူး။ အစားအသောက်ကလည်းပဲ အဲဒီလို ရောဂါဖြစ်တဲ့ သတ္တဝါကို သတ်ဖြတ် စားသောက်တာက လွဲရင် သာမန်ရေနဲ့ အစားအသောက်ကတော့ ကူးတာ မဟုတ်ဘူး ဆိုတာ ဝမ်းသာဖွယ်ရာ တွေ့ရပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ဒီလို bush meatကို စားမိတဲ့ တိုင်းရင်းသားတွေကစပြီး ဒီရောဂါ ဖြစ်တယ်လို့ အဲဒီဒေသမှာ တွေ့ရပါတယ်။ ဒီနေ့ထိ အောင်လည်း ပျောက်အောင်ကုတဲ့ကုထုံး မရှိသလို ကာကွယ်ဆေး Vaccine လည်း မရှိသေးကြောင်းလည်း WHO ကနေ သိရပါတယ်။ အတွင်းအပြင် သွေးယိုထွက်ခြင်းများပြီးတော့ သေတာဖြစ်တဲ့အတွက်ကြောင့် ကာကွယ်တဲ့အနေနဲ့ Rehydration therapy ပေါ့ အရေပြန် ဖြည့်ပေးတဲ့နည်းနဲ့ အကြောဆေးသွင်းတဲ့နည်းနဲ့ပဲ ကာကွယ်ရတယ်လို့

သိထားပါတယ်။ USA တို့ UK တို့လို နိုင်ငံကြီးတွေကနေ စေတနာ့ဝန်ထမ်း ဆေးတပ်ဖွဲ့တွေ၊ အရပ်ဘက် ဆရာဝန်တွေ သွားကုသတဲ့ အခါမှာ ပြန်လာတော့ သူတို့လည်း ရောဂါ ပါလာပါတယ်။ ဒါကြောင့် အမေရိကတို့ အင်္ဂလန်တို့မှာတောင် တုန်လှုပ်ပြီးတော့ Quarantine လို့ ခေါ်တဲ့ လူနာကို ခွဲထုတ်ပြီး တင်းတင်းကြပ်ကြပ် ထားရတဲ့ ဥပဒေတွေ ဘာတွေ ထုတ်ခဲ့ရတာ ဖြစ်ကြောင်း ဖတ်လိုက်ရပါတယ်။ အဲဒီကိစ္စက ကျွန်တော်တို့ ၂၀၁၄ ခုနှစ် အောက်တိုဘာလမှာ ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက်အရ ကျွန်တော် သွားတက်တဲ့ အာဆီယံပါလီမန် AIPA General Assembly မှာ ကျွန်တော်တို့ ထိုင်ရတဲ့ လူမှုရေး မဏ္ဍိုင်မှာ အဓိက ခေါင်းစဉ်အဖြစ်နဲ့ ဆွေးနွေးခဲ့ပါတယ်။ ဒါကြောင့် အဲဒီကနေ ပြန်တဲ့အခါမှာ ဒီမေးခွန်း မေးခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီမှာ နောက်ဆုံး ဆွေးနွေးပြီး ဆုံးဖြတ်ချက်ကတော့ အာဆီယံ ဒေသတွင်းမှာ ပူးပေါင်းဆောင်ရွက်ရမယ့် ရောဂါတစ်ခု ဖြစ်တယ်လို့ သတ်မှတ်ထားပါတယ်။ ဒီ အီဘိုလာရောဂါဟာ မြန်မာနိုင်ငံမှာတော့ ခုထက်ထိအောင် ကူးစက်ခြင်း ပြန့်ပွားခြင်း မရှိသေးပေမယ့် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လူနေမှုစနစ်က နီးနီးကပ်ကပ် နွေးနွေးထွေးထွေးနဲ့ မိသားစုတွေက နေတာဖြစ်တဲ့ အတွက်ကြောင့် ဖြစ်ရင်တော့ ကူးဖို့ သိပ်မြန်မယ်လို့ ယုံကြည်ပါတယ်။ မြန်မာနိုင်ငံလို နိုင်ငံမျိုးမှာ မိသားစု တွေ Quarantine လုပ်ထားနိုင်မှု ခက်ခဲပါတယ်။ သီးခြား အခန်းပေးဖို့ အင်မတန် ခက်ခဲပါ တယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ တင်ပြချင်တဲ့အချက်ကလေးကတော့ ကူးစက်မြန် EVD ရောဂါနဲ့ ပတ်သက်လို့ အချက်(၄)ချက် ကျွန်တော် တင်ပြချင်ပါတယ်။ (က)က ဓာတ်ခွဲခန်းနဲ့ ရောဂါ ထောက်လှမ်းရေး အရည်အသွေးမြှင့်တင်ရန်ကိစ္စ (Laboratory and Surveillance Capacity) ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ အမျိုးသားအဆင့်ကြိုတင်ပြင်ဆင်ထားမှုနှင့် တုန့်ပြန်မှု မြှင့်တင်ဖို့ (National Preparedness and Response Capacity) ဖြစ်ပါတယ်။ (ဂ)ကတော့ အာဆီယံ အဖွဲ့ဝင်နိုင်ငံချင်းပူးပေါင်းဆောင်ရွက်ရန် (Collaboration within ASEAN Country )(ဃ) ကတော့ ကျန်းမာရေးဝန်ကြီးဌာနက ဤကိစ္စအတွက် သင့်တော်တဲ့ ဘဏ္ဍာရန်ပုံငွေ ကြိုတင်ခွဲဝေ ပြင်ဆင် ထားမှုအပေါ် (Allocation of appropriate budget) လုပ်ငန်းစဉ်များ နဲ့ပတ်သက်ပြီးတော့ လုပ်ရန် လိုအပ်မယ်လို့ သုံးသပ်မိပါတယ်။ ဒါကြောင့်မို့လို့ ကူးစက်မြန် အီဘိုလာရောဂါ ကူးစက်ပြန့်ပွားလာမှု မရှိရေးနှင့် ထိန်းသိမ်းနိုင်ရေးအတွက် မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို မဲဆန္ဒရှင် ပြည်သူများရဲ့ အကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဟားခါးမြို့နယ်၊ ဇိုးခွားကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် က ဟားခါးမြို့နယ်၊ ဇိုးခွားကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဇိုးခွားကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးပါရန် အစီအစဉ် ရှိ/မရှိကို

မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကဏ္ဍမှာ အဓိကတာဝန် လုပ်ငန်းတစ်ခု အဖြစ်အနေနဲ့ ကျန်းမာရေး အဆင့် စောင့်ရှောက်မှု ကောင်းမွန်ရေးသည် အဓိကကျသော ကဏ္ဍတစ်ခု ဖြစ်တယ်လို့ ကျွန်တော် သုံးသပ်ရပါတယ်။ ဟားခါးမြို့နယ် ဖိုးခွားကျေးရွာသည် ၁၉၆၅ ခုနှစ်ကတည်းက ကျန်းမာရေးဌာနခွဲကိုလည်းကောင်း၊ ၁၉၆၈ ခုနှစ်တွင် ကျေးလက်ကျန်းမာရေးဌာနကို လည်းကောင်း နိုင်ငံတော်အစိုးရမှ ဖွင့်လှစ်ပေးထားသော ရွာကြီးတစ်ရွာ ဖြစ်ပြီးတော့ ၎င်းကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ (၅)ခု ရွာပေါင်း (၂၁)ရွာနဲ့ လူဦးရေ (၁၈၀၀)ခန့် ရှိနေသော ရွာတစ်ရွာ ဖြစ်တဲ့အပြင် ဟားခါး-ဂန့်ဂေါ လမ်းမပေါ်တွင် တည်ရှိပြီးတော့ အိမ်ခြေ (၂၀၀)ခန့် ရှိသော ကျေးရွာ ဖြစ်ပါတယ်။ ဟားခါးမြို့သို့ ဆေးကုသရန် ခက်ခဲသော ကျေးရွာများဟာ ဖိုးခွားကျေးရွာသို့ အရင်ဆုံး ဖြတ်သန်းရသော ရွာတစ်ရွာ ဖြစ်ပါတယ်။ ၎င်းကျေးရွာဟာ ကျန်းမာရေးဌာနခွဲရပြီး နှစ်ပေါင်း (၅၀)ခန့် ရှိနေသော်လည်း ယခုအချိန်ထိ တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးခြင်း မရှိသေးပါကြောင်းကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအား ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ကျပ်သိန်းပေါင်း(၁၂၀၀)ဖြင့် ချမှတ်ပေးခဲ့ပြီးတော့ ယခုနှစ် ကျပ်သိန်းပေါင်း(၃၀၀)နဲ့ အဆောက်အဦ ပြင်ဆင် ဆောက်လုပ်လျက် ရှိပါတယ်။ သို့ဖြစ်ပါ၍ ဟားခါးမြို့မှ (၂၂)မိုင်ခန့် ကွာဝေးသော ဖိုးခွားကျေးရွာအား ကျေးလက်ကျန်းမာရေးဌာနမှ တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် သင့်တော်သော ကျေးရွာတစ်ရွာ ဖြစ်ပြီး အလယ်တန်းကျောင်းမှအစ ပတ်ဝန်းကျင်ကျေးရွာများ၏ လွယ်ကူစွာ သွားလာနိုင်ရေးအတွက် အဆင်ပြေသော ကျေးရွာဖြစ်သည့်အတွက် အောက်ပါ မေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ လူထု၏ ဆန္ဒအလျောက် တောင်းခံရခြင်း ဖြစ်ပါတယ်။ (၁) ဖိုးခွားကျေးရွားအား ကျေးလက်ကျန်းမာရေး ဌာနမှ တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/ မရှိ ၊ (၂) တင်ပြတောင်းခံထားခဲ့သော ကာလသည် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ အတွင်းဖြစ်ပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း လျာထားပေးရန် တောင်းခံခဲ့ခြင်း ဖြစ်ပါတယ်။ ယခု ဘဏ္ဍာရေးနှစ်အတွင်း ထည့်သွင်းပေးနိုင်ခြင်း မရှိသေးပါကလည်း ဘယ်ဘဏ္ဍာရေးနှစ်မှာ တိုးပေးရန် ရှိသည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၉။**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ် ပါတယ်ရှင်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သော မေးခွန်းများအား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေး မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင် ၏ မေးခွန်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ပျဉ်ကိုင်းကျေးရွာသည် အိမ်ခြေ(၇၄၁)အိမ်၊ လူဦးရေ(၄၅၀၀)ကျော် ရှိပါတယ်။ မင်းကင်းမြို့နယ်ဆေးရုံနှင့် (၃၈)မိုင် မောက္ကတော် တိုက်နယ်ကျန်းမာရေးဌာနနဲ့ (၁၈)မိုင် ကွာဝေးပြီး ရာသီဥတုမရွေးသွားလာရာမှာ ခက်ခဲခြင်းတို့ကြောင့် ပျဉ်ကိုင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးရန် လိုအပ်ပါသဖြင့် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံ ခွင့်ပြုချက် ရရှိရေး စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီး မှတစ်ဆင့် ဖြေကြားအပ်ပါတယ်ရှင်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ ၏ မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် မတ်လ မှစတင်၍ အာဖရိက အနောက်ပိုင်းဒေသဖြစ်သော Guinea နိုင်ငံမှ စတင်ကာ ကူးစက်မြန် Ebola Virus ရောဂါ ကပ်အသွင် ဖြစ်ပွားခဲ့ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၈-၂-၂၀၁၅ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ အာဖရိက အနောက်ပိုင်းဒေသ (၆)နိုင်ငံတို့အပြင် စပိန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့တွင် ရောဂါဖြစ်ပွားသူ လူနာ စုစုပေါင်း(၂၃၀၀၀)ခန့် ကူးစက်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ စုစုပေါင်း(၉၁၇၇)ဦး ရှိခဲ့ပါတယ်။ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့မှ အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး ပြဿနာတစ်ရပ်အဖြစ် သတ်မှတ်၍ အပြည်ပြည်ဆိုင်ရာ ကျန်းမာရေး ပြဋ္ဌာန်းချက် (International Health Regulation) နှင့်အညီ ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါတယ်။ ပထမဆုံးမေးခွန်းနှင့်စပ်လျဉ်း၍ ဓာတ်ခွဲခန်းနှင့် ရောဂါထောက်လှမ်းရေး အရည်အသွေး မြှင့်တင်ရန်အတွက် (က) ကျန်းမာရေးဝန်ကြီးဌာနသည် ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန ဇီဝလုံခြုံမှု အဆင့်(၂) ကျော်ရှိသည့် Biosafety Level 2 Plus မှ ဇီဝလုံခြုံမှု အဆင့်(၃) ရရှိအောင် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ဓာတ်ခွဲပစ္စည်းများနှင့် နည်းပညာ ဖြည့်ဆည်းရေး ဆိုင်ရာ ကိစ္စရပ်တို့အား အသေးစိတ်လုပ်ငန်း စီမံချက် ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပါတယ်။

(ခ) ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြံပြုချက်အရ အီဘိုလာရောဂါ အတည်ပြု စစ်ဆေးနိုင်သည့် ဇီဝလုံခြုံမှု အဆင့်(၄)ရှိသော ဓာတ်ခွဲခန်းသည် ရောဂါပိုး ထိန်းချုပ်မှုလုပ်ငန်းများ တင်းကြပ်စွာ ဆောင်ရွက်ရန် လိုအပ်ခြင်း ငွေကြေးမြောက်များစွာ ကုန်ကျမှုရှိခြင်းတို့ကြောင့် တည်ဆောက်ရန် ဦးစားပေး ဆောင်ရွက်ခြင်းထက် လက်ရှိကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသော ဓာတ်ခွဲခန်းများသို့ ပေးပို့ စစ်ဆေးရမည်ဖြစ်ပါ၍ သွေးနမူနာ ပေးပို့စစ်ဆေးခြင်းလုပ်ငန်းအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ လေကြောင်း ပျံသန်းရေးအဖွဲ့၊ နိုင်ငံတကာ လေကြောင်းလိုင်းများ World Courier Service စသည်တို့နှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် Germany နိုင်ငံ Hamburg မြို့နှင့် ပြင်သစ်နိုင်ငံ Lyon ရှိ ဇီဝလုံခြုံမှုအဆင့် (၄) Biosafety Level 4 သို့ ပေးပို့စစ်ဆေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရည်ညွှန်းထားရှိပါတယ်။ အာဆီယံ အဖွဲ့ဝင်နိုင်ငံများအတွင်း ဇီဝလုံခြုံမှု အဆင့်(၄)ရှိသော ဓာတ်ခွဲခန်းများ မရှိ၍ ဖြစ်ပါတယ်။ (ဃ) ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဓာတ်ခွဲခန်း ဝန်ထမ်းများနှင့် ရောဂါစောင့်ကြပ် ကြည့်ရှုသည့် ကျန်းမာရေးဝန်ထမ်းများအား ဓာတ်ခွဲနမူနာ သယ်ယူပို့ဆောင်ရေး သင်တန်းများဖြင့် လေ့ကျင့်သင်တန်း ပေးခြင်း လုပ်ငန်းများဆောင်ရွက်ထားရှိ ပြီးဖြစ်ပါတယ်။ (င) ရောဂါ ထောက်လှမ်းရေးအနေဖြင့် ကူးစက်မြန် Ebola Virus ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းအား

နိုင်ငံတကာ ဝင်ပေါက်၊ ထွက်ပေါက်များဖြစ်သည့် လေဆိပ်၊ ရေဆိပ် နယ်စပ်ဖြတ်ကျော် ဝင်ပေါက်/ထွက်ပေါက်များတွင် ကျန်းမာရေးဝန်ထမ်းများအား တာဝန်ချထားဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအပြင် ဆေးရုံများနှင့် ကျေးလက်ဒေသများမှ ကျန်းမာရေးဝန်ထမ်းများအား Ebola Virus ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း၊ သင်တန်းပေးခြင်း၊ လမ်းညွှန်ချက်များ ဖြန့်ဝေခြင်းနှင့် ပြည်သူလူထုအား ကျန်းမာရေး ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ဒုတိယမေးခွန်းဖြစ်သည့် အမျိုးသားအဆင့် ကြိုတင်ပြင်ဆင်ထားမှုနှင့် တုန့်ပြန်မှု မြှင့်တင်ရန် (National Preparedness and Response Capacity)နှင့်စပ်လျဉ်း၍ (က) မြန်မာနိုင်ငံအနေဖြင့် အသစ်ဖြစ်ပေါ်လာသည့် ကူးစက်မြန်ရောဂါများဖြစ်သော ဆားစ်ရောဂါ ကာကွယ်ရေးလုပ်ငန်း၊ ငှက်တုပ်ကွေး H5N1 ရောဂါကာကွယ်ရေးလုပ်ငန်း၊ လူတုပ်ကွေးကပ်ရောဂါ၊ H1N1 ၊ H7N9 တုပ်ကွေးရောဂါ ၊ အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားသော အသက်ရှူလမ်းကြောင်းဆိုင်ရာ MERS Co V တို့အား အမျိုးသားအဆင့်ထိ ဆောင်ရွက်ခဲ့သော အတွေ့အကြုံများကို အခြေခံ၍ ကူးစက်မြန် Ebola Virus ရောဂါကာကွယ်တားဆီးရေးနှင့် ကုသရေးလုပ်ငန်း ကော်မတီများကို ဖွဲ့စည်း၍ အောက်ပါဆပ်ကော်မတီများဖြင့် လုပ်ငန်းစီမံချက် ရေးဆွဲကာ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ဆပ်ကော်မတီများ ကတော့ ရောဂါအတည်ပြုရေးဆပ်ကော်မတီ၊ ကူးစက်မြန် Ebola Virus ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်နှိမ်နင်းရေးဆပ်ကော်မတီ၊ ဆေးဝါးကုသမှု ဆပ်ကော်မတီ၊ ဓာတ်ခွဲ စမ်းသပ်ရေးနှင့် ရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးဆပ်ကော်မတီ၊ ဆေးနှင့်ဆေးပစ္စည်း ထောက်ပံ့ရေး ဆပ်ကော်မတီ သတင်းထုတ်ပြန်ရေးနှင့်ကျန်းမာရေး၊ ပညာပေးဆပ်ကော်မတီ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရေးဆပ်ကော်မတီ၊ အမျိုးသားအဆင့် ကြိုတင်ပြင်ဆင်မှုအနေဖြင့် အခြားသော နှီးနွှယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း အရေးပေါ် ထိန်းချုပ်ကွပ်ကဲရေးစင်တာ (Emergency Operation Centre)ကို ကျန်းမာရေး ဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိပြီးဖြစ်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်/ထွက်ပေါက်များဖြစ်သည့် လေဆိပ်၊ ရေဆိပ်များတွင် Infared Fever Screening စက်များ တပ်ဆင်ခြင်း ရန်ကုန်မြို့ ဝေဘာဂီအထူးကုဆေးရုံကြီး၊ မန္တလေးမြို့ ကန်တော်နဒီ ကူးစက်ဆေးရုံနှင့် အခြားဆေးရုံများတွင် Isolation Ward များ အရံသင့်ပြင်ဆင်ထားရှိခြင်း သက်ဆိုင်ရာအထူးကု ဆရာဝန်ကြီးများ၊ သမားတော်ကြီးများနှင့် ညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ခြင်း၊ လိုအပ်သော ရောဂါကာကွယ်ရေးဝတ်စုံ PPE များ ဝယ်ယူဖြည့်တင်းဆောင်ရွက်ခြင်း၊ ပြည်သူလူထုသို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိရေးအတွက် သတင်းမီဒီယာများနှင့် အသိပေး ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် အီဘိုလာရောဂါ ဖြစ်ပွားသည့် Guinea နိုင်ငံနှင့် Liberia နိုင်ငံတို့မှ ပြန်လာသည့် သင်္ဘောသားတစ်ဦးတွင် သံသယ အီဘိုလာရောဂါဖြစ်ပွားမှုအတွက် လိုအပ်သော ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကုသမှုပေးခြင်း ဓာတ်ခွဲစစ်ဆေးခြင်းတို့ကို အချိန်နဲ့ တစ်ပြေးညီ ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူလူထု သိရှိရေးအတွက် သတင်းနဲ့ မီဒီယာများမှာ ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ မေးခွန်း(၃)နှင့်စပ်လျဉ်းသော အာဆီယံ အဖွဲ့ဝင်နိုင်ငံချင်း ပူးပေါင်းဆောင်ရွက်ရန် (Collaboration within ASEAN)နှင့်စပ်လျဉ်း၍ ASEAN Expert Group on Communicable Disease (AEGCD) နှင့် ASEAN Plus Three Field Epidemiology Training Network (FETN) အဖွဲ့တို့ ပူးပေါင်းပြီးတော့ အီဘိုလာရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို

အချိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ ဆောင်ရွက်ရာမှာ Ebola Virus ရောဂါ ကာကွယ်ရေးနဲ့ ပတ်သက်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များသည် ASEAN + 3 နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများဖြင့် အင်တာနက် ဗွီဒီယိုဖြင့် ဆက်သွယ်၍ ဆွေးနွေးခြင်း Video Conferencing များကိုလည်း ပုံမှန်ဆောင်ရွက်လျက် ရှိပါတယ်။

ဎင်းအပြင် ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပ ခဲ့သော (၉)ကြိမ်မြောက် အရှေ့အာရှထိပ်သီးညီလာခံတွင် Joint Statement Declaration of th 9th East Asia Summit on Regional Response to Outbreak of Ebola Spread of Ebola အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ မေးခွန်း(၄)နှင့်စပ်လျဉ်းသော ကျန်းမာရေးဝန်ကြီးဌာနက ယင်းကိစ္စရပ်အတွက် သင့်တော်သော ဘဏ္ဍာရန်ပုံငွေ ခွဲဝေချထားရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်အတွက် ကျန်းမာရေး ဝန်ကြီးဌာနသည် Ebola Virus ရောဂါ ကာကွယ်ရေးထိန်းချုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သော ခန္ဓာကိုယ်အပူချိန်တိုင်း ကင်မရာ စက် (၄)လုံးအား ကျန်းမာရေးဦးစီးဌာနက ကျပ်သိန်းပေါင်း (၁၄၀၀) Non-contact သာမိုမီတာ (၃၄၀) ချောင်း ဝယ်ယူရန် ကျပ်သိန်း(၁၇၀)၊ ကျန်းမာရေးဝန်ထမ်း(၉၀၀) အသုံးပြုနိုင်သော ရောဂါကာကွယ်ရေး ဝတ်စုံနဲ့ပစ္စည်းများ Kit ပုံး(၁၀၀) ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာ တစ်သိန်းကိုးသောင်းကျော် မြန်မာငွေ (၁၉၂)သန်းကျော်နဲ့ Air Transit Isolator မြန်မာငွေကျပ်(၁၄၇)သန်း ရန်ပုံငွေများအား ခွဲဝေချထား၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ခာတ်ခွဲခန်းနှင့် ဓာတ်ခွဲခန်းသုံး ပစ္စည်းများ အဆင့် မြှင့်တင်ခြင်း သီးသန့် လူနာဆောင်များ ပြင်ဆင်ခြင်းနှင့် ရောဂါဖြစ်ပွားသူနှင့် အတူနေသူများ သီးခြား ခွဲခြားထား၍ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများအတွက် လိုအပ်နိုင်မည့် ရန်ပုံငွေများခွဲဝေချထားပေးရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ရှင်။

ဆက်လက်၍ ချင်းပြည်နယ် အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ၏ မေးခွန်းနှင့် စပ်လျဉ်း၍ ချင်းပြည်နယ် ဟားခါးမြို့နယ် ဖိုးခွားကျေးရွာ ကျေးလက် ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန်ကိစ္စနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီး ဌာနသည် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာနှင့် ဆေးရုံဆေးခန်းများ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း လုပ်ငန်း များကို နှစ်စဉ်စီမံကိန်းများ ချမှတ် ဆောင်ရွက်လျက်ရှိပါတယ်။ ချင်းပြည်နယ် ဟားခါးမြို့နယ် ဖိုးခွားကျေးရွာ ကျေးလက်ကျန်းမာရေးဌာန အဆောက်အဦ ဆောက်လုပ်ရန် ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း(၃၀၀)ဖြင့် မတည်၍ အဆောက်အဦများ ဆောက်လုပ် နေဆဲ ဖြစ်ပါတယ်။ ချင်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ တိုက်နယ်ဆေးရုံဖွင့်လှစ်ရန် လျာထားမှုတွင် ပါဝင်မှု မရှိသေးတဲ့အတွက် ဖိုးခွားကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ပေးရန် လောလောဆယ်တွင် အစီအစဉ် မရှိသေးပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးစိုင်းတင်အောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်ထောင်စု ဒုတိယရှေ့နေချုပ်နှင့်တကွ ကော်မရှင် အဖွဲ့ဝင် ပညာရှင်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကာယစိတ္တသုခနှစ်ဖြာနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းတင်အောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ဥပဒေကြမ်းပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏<br>
လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းအပေါ်<br>
စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၅ -၇၉<br>
ရက်စွဲ ၊ ၂၀၁၅ ခုနှစ် ၊ ဖေဖော်ဝါရီလ ၉ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ပါရန် ၅-၁၂-၂၀၁၄ ရက်နေ့တွင် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ၁၉-၁-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၉-၁-၂၀၁၅ ရက်နေ့၌ ကျင်းပပြုလုပ်သော အမျိုးသားလွှတ်တော် အစည်းအဝေး၌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၆)ဦးနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် (၁)ဦးတို့က အကြံပြုဆွေးနွေးခဲ့ကြပါသည်။ အဆိုပါ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာမှုပြုလုပ်ရန် လွှတ်တော်ဥက္ကဋ္ဌက ညွှန်ကြားခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့ကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဥပဒေကြမ်းကော်မတီတို့သည် ၄-၂-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပြီး အောက်ပါအတိုင်း သဘောတူညီမှုရရှိခဲ့ပါသည် -

(က) မူလဥပဒေကြမ်းတွင် ပါရှိသော "အထူးဒေသ" ဆိုသည့်စကားရပ်ကို လက်ရှိဒေသများနှင့်မတူ ကွဲပြားခြားနားမှုရှိစေရန်အတွက် "ဒေသ" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၂(ခ)တွင် ဖော်ပြထားသော စကားရပ်များအစား အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တိကျမှု ရှိစေရန်အတွက် "ကျန်းမာရေးစောင့်ရှောက်မှု ဆိုသည်မှာ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကို ဆိုလိုပြီး အန္တရာယ်ကင်းသော မိခင်နှင့် ကလေး ဘဝရရှိစေရန် သားဆက်ခြားခြင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ ကလေးမွေးဖွားမှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ သားပျက်သားလျှောမှုနှင့် ယင်းကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကို ကာကွယ်ခြင်းနှင့် ယင်းတို့အတွက် အသိပညာပေးခြင်းတို့ကို ဆိုသည်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဥပဒေကို ပြဋ္ဌာန်းရခြင်း ရည်ရွယ်ချက် ပေါ်လွင်စေရန်အတွက် အခန်း(၁)၏အောက်တွင် အခန်း(၂)တစ်ခန်းလုံးကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

အခန်း(၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း ဆင်းရဲနွမ်းပါးမှုလျော့ကျပြီး လူနေမှုဘဝ မြင့်မားစေရေး၊

( ခ ) အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာ ရရှိ စေရေး၊

( ဂ ) မိခင်နှင့် ကလေးများ၏ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဦးတည်၍ လူဦးရေ တိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေး။

( ခ ) မူလဥပဒေကြမ်း အပိုဒ် ၃ ကို အပိုဒ် ၄ ဟု ပြင်ဆင်ပြီး "မိခင်နှင့် ကလေးသေနှုန်း မြင့်မားခြင်းနှင့် ပြောင်းရွှေ့ဝင်ရောက်နှုန်း" ဆိုသည့်စကားရပ်ကို "မိခင်နှင့် ကလေး သေနှုန်း မြင့်မားခြင်းနှင့် ပြောင်းရွှေ့နှုန်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၅ ကို အပိုဒ် ၆ ဟု ပြင်ဆင်ပြီး "ဤဥပဒေအရ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့် အထူးဒေသအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည် ဆိုသည့်

စကားရပ် ကို “၎င်းဥပဒေအရ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့် ဒေသ အဖြစ် သီးခြားသတ်မှတ်၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် ၁၁(က) တွင် ဖော်ပြထားသော စကားရပ်များ အစား လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ပိုမိုတိကျမှုရှိစေရန်အတွက် “ဝန်ကြီး ဌာန၊ သက်ဆိုင်ရာ ပြည်ထောင်စု နယ်မြေကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရ လမ်းညွှန်ချက်နှင့် အညီ ဆောင်ရွက်ခြင်း” ဟု ပြင်ဆင်ပြီး အပိုဒ် ၁၂၊ အပိုဒ်ခွဲ(က)အဖြစ်လည်းကောင်း၊ အပိုဒ် ၁၆ ကို အပိုဒ် ၁၇ အဖြစ် ပြင်ဆင်ပြီး ရေးထုံး မှန်ကန်မှုရှိစေရန်အတွက် “ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် နေသော ကျန်းမာရေးစောင့်ရှောက်မှုပေးသူများကို ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်” ဟု လည်းကောင်း အသီးသီးပြင်ဆင် အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) မြန်မာစာလုံးပေါင်းသတ်ပုံနှင့် အရေးအသားအသုံးအနှုန်း မှန်ကန်မှုရှိစေရန်အတွက် လည်းကောင်း၊ ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း ပြောင်းလဲသွား သည့် အပိုဒ်စဉ်များနှင့် အပိုဒ်ခွဲများကိုလည်း တစ်ပါတည်းပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်း နှင့် ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြ အပ်ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းကို အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်(၆)ဦး၊ တပ်မတော်သားကိုယ်စားလှယ်(၁)ဦး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ အဖွဲ့ဝင်များနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ထပ်မံ ပြင်ဆင် ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင် ပါရန် ထပ်မံအစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၀ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။ ဒုတိယရှေ့နေချုပ်က ပြင်ဆင် ဖြည့်စွက်ရန် ရှိလို့ရှိလျှင် သဘောတူ/မတူ မေးသည့်အချိန်တွင် ဆောင်ရွက်နိုင်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ၊ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**ဦးဇုန်လှယ်ထန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဥပဒေကြမ်းကော်မတီနဲ့ ဆွေးနွေးတုန်းကလည်း တင်ပြခဲ့ပါတယ်။ ဒီခေါင်းစဉ်နဲ့ ဥပဒေရဲ့ Scope က မငယ်တဲ့အတွက်ကြောင့် လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဒေသဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေ ဆိုပြီးတော့ ကျွန်တော် ပြင်ချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ မဲခွဲပေးမယ်။ အဲဒီတော့ ပြင်ဆင်ချက် အဆိုအနေနဲ့ ဦးဇုန်လှယ်ထန်း က လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်း ဒေသဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေ ဆိုပြီး ပြင်ချင် ပါတယ်။

အဲဒီတော့ မူလဥပဒေကြမ်းကော်မတီရဲ့ ခေါင်းစဉ်ကို အခြေပြုပြီးတော့မှ မဲခွဲဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ ထောက်ခံရင် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်မှာ ဖြစ်ပါတယ်။ ကန့်ကွက်ချက်များလျှင် ဦးဇုန်လှယ်ထန်း ရဲ့ တင်ပြချက်အတိုင်း အတည်ဖြစ်မှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

ထောက်ခံ(၁၅၀)၊ ကန့်ကွက်(၉)၊ ကြားနေ(၄)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ခေါင်းစဉ်ပြင်ဆင်ချက် အတည်ဖြစ်တယ်။ အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁)၊ အပိုဒ် ၂(ခ)

၂။ (ခ) ကျန်းမာရေးစောင့်ရှောက်မှု ဆိုသည်မှာ လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကိုဆိုလိုပြီး အန္တရာယ်ကင်းသော မိခင်နှင့်ကလေးဘဝ ရရှိစေရန် သားဆက်ခြားခြင်း၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်ခြင်း၊ ကလေးမွေးဖွားမှု ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ သားပျက် သားလျှောမှုနှင့် ယင်းကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ကျန်းမာရေး ပြဿနာများကို ကာကွယ်ခြင်းနှင့် ယင်းတို့အတွက် အသိပညာပေးခြင်းများကိုဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**ဦးဇုန်လှယ်ထန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဟုတ်ကဲ့၊ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပုဒ်မ ၂၊ ပုဒ်မငယ်(ဂ)ကို ပယ်ဖျက်ရန် တင်ပြပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အခုဟာ ၂(ခ)လေ။

**ဦးဇုန်လှယ်ထန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ အော် ..။ ဆောရီးပါ

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ကြိမ်တော့ ဆောရီးလို့ မရဘူး။ ဟုတ်ပြီနော်။ ဒီတစ်ကြိမ်ပဲ ဆောရီး လို့ရမယ်။ သေချာကြည့်ပါ။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် -

အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃(က)(ခ)(ဂ)

အခန်း(၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်အတွင်း ဆင်းရဲနွမ်းပါးမှုလျော့ကျပြီး လူနေမှု ဘဝမြင့်မားစေရေး၊

( ခ ) အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာ ရရှိစေရေး၊

( ဂ ) မိခင်နှင့်ကလေးများ၏ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဦးတည်၍ လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေး ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ ဦးဇုန်လှယ်ထန်းက အပိုဒ် ၃ (ဂ)ကို ပယ်ဖျက်ချင်ပါတယ်။ ဒါကြောင့်မို့လို့ ဘယ်လောက်လဲ၊ ပြောလေ။

**ဦးဇုန်လှယ်ထန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပယ်ဖျက်ဖို့ တောင်းဆိုတာကတော့ သားဆက်ခြားခြင်း ဆိုသည်မှာ အိမ်ထောင်ရှင် မိခင်တစ်ဦး ကလေး မွေးဖွားပြီးနောက် အနည်းဆုံး (၃၆)လ ခြားပြီးမှ နောက်ထပ်ကလေး မွေးဖွားခြင်းကိုဆိုသည် ဆိုတဲ့ ဒီဟာပဲ ပယ်ဖျက်ဖို့ တောင်းဆိုတာ ဖြစ်ပါတယ်။ တင်ပြတာနဲ့ လွဲသွားမှာ စိုးလို့။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ရပြီ၊ ရပြီ။ ၂(ဂ)၊ ၂(ဂ)။ ၃ မဟုတ်ဘူး။ ၂(ဂ)။ ဟုတ်ပြီနော်၊ ကောင်းပြီ။

ဦးဇုန်လှယ်ထန်း က အပိုဒ် ၂(ဂ) ကို ပယ်ဖျက်လိုပါတယ်။

ဒါကို ဆန္ဒမဲ ပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ(၁၄၆)၊ ကန့်ကွက် (၁၀)၊ ကြားနေ (၅)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးဇုန်လှယ်ထန်း ရဲ့ အဆို ရှုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် -

အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃(က)(ခ)(ဂ)

အခန်း(၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်အတွင်း ဆင်းရဲနွမ်းပါးမှုလျော့ကျပြီး လူနေမှု ဘဝမြင့်မားစေရေး၊

( ခ ) အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာ ရရှိစေရေး၊

( ဂ ) မိခင်နှင့်ကလေးများ၏ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဦးတည်၍ လူဦးရေ တိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေး ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃(က)(ခ)(ဂ) ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃(က)(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၃)၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇(က)၊ အပိုဒ် ၈(က)(ခ)

အခန်း(၃)

ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်မည့် ဒေသသတ်မှတ်ခြင်း

၄။ ပြည်ထောင်စုနယ်မြေကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့တို့သည် မိမိတို့ဒေသအတွင်း လူဦးရေ သိပ်သည်းမှု များပြားခြင်း၊ လူဦးရေတိုးနှုန်း မြင့်တက်ခြင်း၊ ကလေး မွေးဖွားနှုန်း မြင့်မားခြင်း၊ မိခင်နှင့် ကလေးသေနှုန်း မြင့်မားခြင်းနှင့် ပြောင်းရွှေ့နှုန်း မြင့်မားခြင်းတို့ကြောင့်

လူဦးရေနှင့် သယံဇာတအရင်းအမြစ် အချိုးညီမျှမှုမရှိခြင်း၊ လူမှုစီးပွားရေး အညွှန်းကိန်းများ နိမ့်ကျခြင်းနှင့် ဒေသတွင်း စားနပ်ရိက္ခာ လုံလောက်မှုမရှိခြင်းတို့ ပေါ်ပေါက်ခြင်း ရှိ/မရှိ သိရှိသုံးသပ်နိုင်ရန် ကျွမ်းကျင်သူများ၏ အကူအညီရယူ၍ စစ်တမ်းကောက်ယူနိုင်သည်။

၅။ ပုဒ်မ ၄ ပါ အချက်များ ပေါ်ပေါက်ကြောင်း သုံးသပ်တွေ့ရှိပါက ပြည်ထောင်စုနယ်မြေကောင်စီသည် နိုင်ငံတော်သမ္မတထံလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့သို့ လည်းကောင်း တင်ပြရမည်။

၆။ ပုဒ်မ ၅ အရ တင်ပြချက်ကို လက်ခံရရှိသည့်အခါ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုနယ်မြေအတွက်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် သက်ဆိုင်ရာ ဒေသအတွက် လည်းကောင်း ဤဥပဒေအရ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့်ဒေသ အဖြစ် သီးခြားသတ်မှတ်၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်။

၇။ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့် ဒေသအဖြစ် သတ်မှတ်လျှင် -

(က) ဝန်ကြီးဌာနသည် ယင်းဒေသများအတွက် မိမိ၏လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်ရမည်။

၈။ (က) ကျန်းမာရေးစောင့်ရှောက်မှုကို ဤဥပဒေအရ ဆက်လက်ဆောင်ရွက်ရန် မလိုအပ်ကြောင်း တွေ့ရှိရပါက ပြည်ထောင်စုနယ်မြေဖြစ်လျှင် ပြည်ထောင်စုနယ်မြေကောင်စီက နိုင်ငံတော်သမ္မတထံလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဖြစ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ပြည်ထောင်စု အစိုးရအဖွဲ့သို့လည်းကောင်း တင်ပြရမည်။

(ခ) ပုဒ်မခွဲ(က) အရ တင်ပြချက်ကို လက်ခံရရှိပါက နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့် ဒေသအဖြစ် ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာကို ပြန်လည်ရုပ်သိမ်းနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ အပိုဒ် ၆ နောက်ဆုံးမှာ ဆောင်ရွက်ရမည့်ဒေသအဖြစ် သီးခြားသတ်မှတ်၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်သည်ပဲ ဖြစ်ရမယ်။ ထုတ်ပြန်သတ်မှတ် ပိုနေပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇(က)၊ အပိုဒ် ၈(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇(က)၊ အပိုဒ် ၈(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၄)၊ အပိုဒ် ၉(ဂ)(ဆ)

၉။ (ဂ) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ စေတနာရှင်များထံမှ လှူဒါန်းမှုများကို လက်ခံခြင်း၊ အကူအညီရယူခြင်းနှင့် လက်ခံရရှိသော ဆေးဝါး၊ ငွေနှင့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကို ထိရောက်စွာ အသုံးပြုရန် စီမံဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊

(ဆ) ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် လူဦးရေ ပြောင်းလဲမှုတို့ အပြန်အလှန် ဆက်စပ်မှုကို သုတေသနပြုခြင်းတို့ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄)၊ အပိုဒ် ၉(ဂ)(ဆ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၉ (ဂ)(ဆ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် -

အခန်း(၅) အပိုဒ် ၁၀(က)(၁၂)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂(က)(ဈ)

၁၀။ (က) ဤဥပဒေအရ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့်ဒေသနှင့် သက်ဆိုင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ ပါဝင်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်း ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို ဖွဲ့စည်းရမည် -

(၁၂) ကိုယ်စားလှယ်တစ်ဦး၊ အဖွဲ့ဝင်
မြန်မာနိုင်ငံဆရာဝန်အသင်း၊
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသင်းခွဲ

၁၁။ ပြည်ထောင်စုနယ်မြေကောင်စီသည် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေအတွက် ပြည်ထောင်စုနယ်မြေ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို သင့်လျော်သလို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

၁၂။ (က) ဝန်ကြီးဌာန၊ သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

(ခ) လုပ်ငန်းဆောင်ရွက်ချက်များကို ဝန်ကြီးဌာနသို့ အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်းဟု ဖြည့်စွက် ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅) အပိုဒ် ၁၀(က)(၁၂)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂(က)(ခ) ပြင်ဆင် ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅) အပိုဒ် ၁၀(က)(၁၂)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂ (က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၆)၊ အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၁၃(စ)(ဆ)

၁၃။ ဤဥပဒေအရ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရမည့်ဒေသနှင့် သက်ဆိုင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့သည် သက်ဆိုင်ရာမြို့နယ်အတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော မြို့နယ်လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့ကို ဖွဲ့စည်းရမည် -

(စ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း

(ဆ) ဥက္ကဋ္ဌ အဖွဲ့ဝင်

မြို့နယ်ကြက်ခြေနီအသင်း

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဒီကော်မတီမှာ ဥက္ကဋ္ဌမြို့နယ် ကြက်ခြေနီအသင်းဆိုတာက မြို့နယ်ဆရာဝန်ကြီး ဖြစ်နေမှာပေါ့။ တခြားနေရာမှာ မြို့နယ်ဆရာဝန်ကြီးပါနေသေးလား။ တခြားစီပဲ၊ ကောင်းပြီ။

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၁၃(စ)(ဆ)ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆)၊ အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၁၃(စ)(ဆ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၇)၊ အပိုဒ် ၁၇၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀(က)(ခ)

၁၇။ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နေသော ကျန်းမာရေးစောင့်ရှောက်မှုပေးသူများကို ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည်။

၁၉။ ဤဥပဒေအရ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ခြင်းသည် ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ရမည့်ဒေသ မဟုတ်သော ဒေသတွင် ဝန်ကြီးဌာနက ဆောင်ရွက်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် မသက်ဆိုင်စေရ။

ဒီနေရာမှာ ဒေသတွေ ထပ်နေတယ်နော်။ (၁၉)မှာ၊ ဤဥပဒေအရ လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ခြင်းသည် ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ရမည့်ဒေသ မဟုတ်သော ဒေသတွင် ဖြစ်နေတယ်၊ ဟုတ်သလား၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင်ပေါ့။ ဟုတ်တယ်မဟုတ်လား။ တိုင်းဒေသကြီး/ပြည်နယ် သို့မဟုတ် နေပြည်တော် ကောင်စီတွင် ဟုတ်ပြီနော်၊ ပြည့်စုံသွားပြီလား။ နေပြည်တော် ကောင်စီနယ်မြေတွင်၊ အမှန်တော့ ပြည်ထောင်စုနယ်မြေဖြစ်ရမယ်။ ပြည်ထောင်စုနယ်မြေဆိုမှ အမြဲတမ်း အဝ္ဂါဖြစ်မှာပေါ့၊ နော်။ ရှေ့ပိုင်းမှာလည်း နေပြည်တော်ကောင်စီ ဆိုတဲ့နေရာတွေမှာ ပြည်ထောင်စုနယ်မြေအားလုံး ပြင်လိုက်ပါ၊ နော်။ အဲဒီတော့ ဒါ လွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုနယ်မြေဆိုတာ ဥပဒေသတ်မှတ် ပြီးတော့ ထပ်တိုးလို့ရတယ်။ နေပြည်တော်ကောင်စီလို့ ဥပဒေထဲမှာ ပြဋ္ဌာန်းထားလို့ရှိရင် ဒီ နေပြည်တော်တစ်ခုတည်း အကျုံးဝင်

လိမ့်မယ်၊ နောက်ထပ်တိုးလာတဲ့ ပြည်ထောင်စုနယ်မြေတွေ အကျုံးဝင်မှာ မဟုတ်တဲ့အတွက် ဥပဒေမှာ ပါတဲ့ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကောင်စီအစား ပြည်ထောင်စုနယ်မြေလို့ အားလုံးပြင်ဆင်မယ်၊ အားလုံး သဘောတူပါသလား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ကန့်ကွက်မဲ့သူ ရှိပါသေးလား။

ကန့်ကွက်မဲ့သူ မရှိတဲ့အတွက် နေပြည်တော်ကောင်စီ စကားရပ်အစား ပြည်ထောင်စုနယ်မြေလို့ ပြင်ဆင်ကြောင်း အတည်ပြုသည်။ (သြဘာသံများ)

၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇) အပိုဒ် ၁၇၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀(က)(ခ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇) အပိုဒ် ၁၇၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

မူလဥပဒေကြမ်း၏

အခန်း(၄)၊ အပိုဒ် ၁၁(ဂ)(ည)၊

အခန်း(၅)၊ အပိုဒ် ၁၃(ဍ) တို့ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏အတည်ပြုချက် -

မူလဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ်၁၊ အပိုဒ် ၂(က)(ဂ)(ဃ)(င)(စ)(ဆ) တို့နှင့်

ပြောင်းလဲအမှတ်စဉ်ထားသည့်

အခန်း(၃)၊ အပိုဒ် ၇(ခ)၊

အခန်း(၄)၊ အပိုဒ် ၉(က)(ခ)(ဃ)(င)(စ)၊

အခန်း(၅)၊ အပိုဒ် ၁၀(က)(၁)မှ(၁၁)အထိ၊ (၁၃)(၁၄)(၁၅)၊ အပိုဒ် ၁၀(ခ)၊ အပိုဒ် ၁၂ ခြေဆင်း၊ အပိုဒ် ၁၂(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဇ)၊

အခန်း(၆)၊ အပိုဒ် ၁၃(က)(ခ)(ဂ)(ဃ)(င)(ဇ)(ဈ)(ည)၊ အပိုဒ် ၁၄(က)မှ (ည)အထိ၊

အခန်း(၇)၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆(က)(ခ)၊ အပိုဒ် ၁၈ တို့ကို မူလအဆိုပြုချက်အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

စောစောက ဦးဇုန်လှယ်ထန်း တင်ပြသလို ပယ်ဖျက်ချင်တဲ့အပိုဒ်ဆိုရင် ဒီနေရာရောက်မှ တင်ပြရမယ်၊ နောက်ကျတော့မှတ်ထားပေါ့။ နော်။ အားလုံး အတည်ပြုတဲ့အချိန်၊ ဒီနေရာမှာ ပယ်ဖျက်ချင်တယ်ဆိုရင် တင်ပြပါ။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည် ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၂၀ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၂၀ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။ ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ။ ဒီ ဥပဒေကြမ်းတွေ အတည်ပြုတဲ့အခါမှာ ဟိုစခါစတုန်းက ဆိုလို့ရှိရင် ပယ်ဖျက်ချက်များကို သဘောတူ/မတူ မေးတာပဲရှိပြီးတော့ အတည်ပြုချက်များကို သဘောတူ/မတူ မေးတာမရှိခဲ့ဘူး။ နောက်ပိုင်းမှာ ဒါလေးကို ပြန်ထည့်တယ် ဆိုတာ ခုနကလို ပယ်ဖျက်ချင်တဲ့ ပုဂ္ဂိုလ်တွေ ဒီနေရာမှာ ကန့်ကွက်နိုင်အောင် ဖြစ်ပါတယ်။ ဒီ ရုံးအဖွဲ့က ရှေ့က ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်တွေပြီးလို့ရှိရင် အတည်ပြုချက်များဆိုပြီး သပ်သပ်ပေးရမယ်၊ ပယ်ဖျက်ချက်များ ဆိုပြီးတော့ သပ်သပ်ပေးရမယ်၊ အဲဒီတော့မှ အတည်ပြုချက်ထဲက ပယ်ဖျက်ချင်တာကို ကန့်ကွက်လို့ရတယ်၊ ပယ်ဖျက်ချက်ထဲက မပယ်ဖျက်ချင်တာကိုလည်း ကန့်ကွက်လို့ရတယ်။ ရုံးမှာ အဲဒီဟာကို မှတ်ထားပြီးတော့ ဆောင်ရွက်တော့၊ ရှင်းရှင်းလင်းလင်း လုပ်လို့ရတာပေါ့။

**ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်က လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှု ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ခ)အရ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယရှေ့နေချုပ်က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဦးထွန်းထွန်းဦး (ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အခု တင်ပြပါ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က အတည်ပြုပေးနိုင်ရေးအတွက် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဒေါ်နော်မေးရီယန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယရှေ့နေချုပ်က အဆိုတင်သွင်း သွားသော လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်း အတည် ပြုရန် အဆိုကို ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) ကျွန်မ ဒေါ်နော်မေးရီယန်း က ထောက်ခံပါ တယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ လူဦးရေ တိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းကို ပြင်ဆင်ထားသည့် အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ ခွင့်ပြုတဲ့အတွက် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော် အဓိကပြောချင်တဲ့ အချက်ကလေးက (၂)ချက်ပါပဲ။ အဲဒါ ဘာလဲဆိုတော့ ဒီ ဥပဒေကို အတည်ပြုတဲ့နေရာမှာ ကျွန်တော်တို့ ဥပဒေပြုဌာနကြီး ကနေပြီး ကျွန်တော်တို့ ကော်မတီတွေကို ဖြန့်ဝေထားတဲ့စာလေးလည်း ကျွန်တော်တို့ လက်ထဲမှာ ရှိပါတယ်။ အဲဒီထဲမှာ ဘာပါလဲဆိုရင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ကနေ ပြီးတော့ အကြံ ပြုချက်ကလေးတွေ တွေ့ရပါတယ်။ အဲဒီအပိုဒ်(၇)မှာ ဘာလေး ရေးထားလည်းဆိုတော့ မျိုးဆက် ပြန့်ပွားရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အသိပညာပေးခြင်း အပါအဝင် လက်ရှိ ဆောင်ရွက် လျက်ရှိတဲ့ စီမံချက်များကို ပိုမိုထိရောက်အောင်မြင်အောင် အားပေးမြှင့်တင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါသဖြင့် သီးခြား ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် သင့်/မသင့်ကို အလေးနက်ထား စဉ်းစားသင့် ပါကြောင်း သုံးသပ်ရပါတယ်လို့ အကြံပြုထားပါတယ်။

အဲဒီအပြင် ကျွန်တော်တို့ ဒီ နိုင်ငံတော်ကနေပြီးတော့ အရင်တုန်းက ကျွန်တော်တို့ ICPT မှာ အပြည်ပြည်ဆိုင်ရာ လူမှုဖွံ့ဖြိုးရေးကော်မရှင်မှာ မြန်မာနိုင်ငံက အကြိမ်ကြိမ်တက်ရောက်ဆွေးနွေးတဲ့ အခါမှာလည်းပဲ ဒီအစီအစဉ်တွေ မပါရှိခဲ့တဲ့အပြင် ကျွန်တော်တို့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့် ကြေညာစာတမ်းအပိုဒ်(၂)မှာ ဖော်ပြထားတဲ့ ရည်ရွယ်ချက်များနဲ့ရော၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ သော်လည်းကောင်း ကိုက်ညီမှုရှိ/မရှိကိုလည်း လေ့လာသုံးသပ်သင့်ပါတယ်ဆိုပြီးတော့ ကျွန်တော်တို့ တင်ပြထားတာရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီ လက်ရှိ လူဦးရေ ထိန်းညှိခြင်းဆိုင်ရာ ကိစ္စရပ် များဟာ တကယ်တမ်းကျတော့ ကျွန်တော်တို့ ကျန်းမာရေးအရ၊ ကျန်းမာရေးပညာပေးရေးနဲ့ ပိုပြီးတော့ စီစဉ်ရမယ့် ကိစ္စရပ်တွေဖြစ်ပါတယ်။ မြန်မာနိုင်ငံကလည်း လက်ရှိ အဲဒါကို ဆောင်ရွက်နေတာ တွေ့ရ ပါတယ်။

အဲဒီတော့ ဒီဥပဒေကို ပြဋ္ဌာန်းလိုက်မယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံမှာရှိတဲ့ ဖွဲ့စည်းပုံ အခြေခံ ဥပဒေနဲ့ရော၊ တခြားနိုင်ငံတကာတွေနဲ့ရော ကိုက်ညီမှုမရှိဘူး။ အဲဒီအပြင်ကို လူနည်းစုတွေနဲ့ ကန့်သတ် ခွဲခြားမှု ရှိမလား ဆိုတဲ့ စိုးရိမ်ချက်တွေကလည်းပဲ လူမှုအဖွဲ့အစည်းက စိုးရိမ်ကြောင်း ကျွန်တော် လွှတ်တော်ကို တင်ပြထားတာလေးတွေလည်း ထည့်သွင်းစဉ်းစားဖို့ သင့်ပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိ ဒီအခြေအနေမျိုးမှာတော့ဖြင့် ဒီဥပဒေကို အတည်ပြုရန်မသင့်သေးကြောင်းနဲ့ ကျွန်တော် ကန့်ကွက် လိုခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဲဒီတော့ ဘယ်အပိုဒ်ကတော့ အခြေခံဥပဒေနဲ့ ကိုက်ညီမှုမရှိဘူး၊ ဘယ်အပိုဒ် ကတော့ Universal Declaration of Human Rights ကိုက်ညီမှုမရှိဘူး ဆိုတာလေး တင်ပြနိုင်ပါတယ်။ အခု တင်ပြနိုင်ပါမလား။

**ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အခု ကျွန်တော်တို့ ကတော့ ပထမဆုံး CEDAW မှာပါတဲ့ အပိုဒ် ၁၆(၁)(င)မှာ သားသမီးအရေအတွက်နဲ့ သားဆက်ခြား ကာလတို့ကို လွတ်လွတ်လပ်လပ် တာဝန်ရှိရှိ ဆုံးဖြတ်ခွင့် အခွင့်အရေးတန်းတူရှိခြင်းနဲ့ ယင်းအခွင့်အရေး များကို ကျင့်သုံးနိုင်ရေးအတွက် သတင်းစကားများ၊ အသိပညာများနဲ့ နည်းပညာများ ရရှိခွင့်ရှိခြင်း စတဲ့ CEDAW မှာ လက်မှတ်ထိုးထားတာနဲ့ ကွာနေတာကို သွားတွေ့ရပါတယ်။ နောက်တစ်ခု က ကျွန်တော်တို့

အပိုဒ် ၁၂(၁)မှာ စာချုပ်ဝင် နိုင်ငံများဟာ ကျန်းမာရေးစောင့်ရှောက်မှုနယ်ပယ်မှာ အမျိုးသမီးများအား ခွဲခြားမှု ပပျောက်ရေးအတွက် သင့်လျော်တဲ့ နည်းလမ်းမျိုးစုံနဲ့ အမျိုးသားနဲ့ အမျိုးသမီး တန်းတူညီမျှမှုအပေါ် အခြေပြုလျက် သားဆက်ခြားမှု အစီအစဥ်ဆိုင်ရာ အပါအဝင် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးရမယ်ဆိုတဲ့ အပိုဒ်ကလေးတွေလည်း ပါ ပါတယ်။ ဒီလိုဆိုရင် ကျွန်တော်တို့ CEDAW နဲ့ ဒီအချက်တွေဟာ ကွာဟနေတယ်လို့ မှန်းဆလို့ရပါတယ်။

နောက် ကျွန်တော်တို့ ဥပဒေပြုဌာနကြီးကနေ ဖြန့်ဝေထားတဲ့ လူမှုအဖွဲ့အစည်းထဲက နေပြီးတော့ တင်ပြတဲ့အထဲမှာလည်းပဲ ဒါတွေဟာ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ရော၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အပိုဒ်မှာပါတဲ့ အပိုဒ် ၁၈ တို့ စသည်ဖြင့် ဒီအပေါ်မှာ မူတည်ပြီး တော့လည်းပဲ စဥ်းစားစရာရှိပါတယ်လို့ ပြောပါတယ်။ အသေးစိတ်ကိုတော့ ကျွန်တော် ချက်ချင်း အခုတင်ပြဖို့ရာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒုတိယရှေ့နေချုပ် ပြောဖို့ရှိလား။

**ဦးထွန်းထွန်းဦး (ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဒီ ဥပဒေနဲ့ပတ်သက် ပြီးတော့ ဥပဒေကြမ်းကော်မတီအစည်းအဝေးမှာလည်း ကျွန်တော်တို့ ရှင်းလင်းတင်ပြခဲ့တာတွေရှိပါ တယ်။ အဲဒီနေ့က ကျန်းမာရေး ဒုတိယဝန်ကြီးလည်း ဒီကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ဥပဒေကြမ်း ကော်မတီကို အသေးစိတ်ရှင်းလင်းတင်ပြတဲ့အတွက်ကြောင့် အားလုံးလည်း ကျေနပ်လက်ခံခဲ့တဲ့ ဒီစာပိုဒ်တွေ အကြောင်းအရာတွေ ဖြစ်ပါတယ်ခင်ဗျား။ အဲဒီနေ့ကတော့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တက်ရောက်နိုင်ခြင်းမရှိခဲ့ပါဘူး။ ကျွန်တော်တို့ ဒီဥပဒေတွေ ရေးဆွဲတုန်းကလည်း ဥပဒေရေးဆွဲရေး ကော်မရှင်ကို နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပြီးတော့ ကျွန်တော်တို့ ရေးဆွဲခဲ့တာဖြစ်ပါတယ်။ အဲဒီမှာ ဒီဥပဒေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကျန်းမာရေး က ပညာရှင် WHO မှာလည်း အကြာကြီး လုပ်ခဲ့တဲ့ ဒါရိုက်တာအဆင့် လုပ်ခဲ့တဲ့သူတွေ ပါပါတယ်။

နောက် ခုနက ကျန်းမာရေးဝန်ကြီးဌာနက ဒီ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များလည်း သုံး၊ လေး၊ ငါး ကြိမ်ကို ဒီ ကျွန်တော်တို့ အစည်းအဝေးတွေမှာ အကျေအလည် ဆွေးနွေးပြီးတော့ ဒါတွေဟာ တကယ့် နိုင်ငံတကာ ဒီ စံတွေနဲ့ ညီညွတ်တယ်၊ ခုနက ဒီ သားဆက်ခြား(၃)နှစ်ဆိုတာ ကလေးမွေး၊ ပထမအကြိမ် မွေးပြီးလို့ ဒုတိယ နောက်တစ်ကြိမ်မွေးတဲ့ ကာလကို ဒီမှာလည်းသတ်မှတ်တာပါ၊ ဒီမှာလည်း ဒီဥပဒေမှာ ကျွန်တော်တို့က ဘာမှ အဓိက ကတော့ တကယ် အခက်အခဲဖြစ်နေတဲ့ ဒေသတွေမှာ ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝပေးဖို့၊ ပညာပေးဖို့ သူတို့က လိုက်ပါပြီးတော့ သူတို့ကိုယ်တိုင် ခံယူချင်တဲ့သူတွေအတွက်သာလျှင်ဖြစ်ပါတယ်။ သူတို့ မခံယူချင်လည်း ကျွန်တော်တို့ ဒီမှာ ဒီဥပဒေအရ အရေးယူဖို့တို့၊ တားမြစ်ထားတာတို့ မရှိပါဘူး ခင်ဗျား။

အဲဒီတော့ ခုနက တကယ်တမ်း ကျွေးနိုင်လို့၊ မွေးနိုင်လို့ မွေးတဲ့သူတွေအတွက်လည်း ကျွန်တော်တို့ ဘာမှ ကန့်သတ်ချက် မရှိပါဘူး။ တကယ်တမ်းကတော့ ဒီဒေသမှာ တကယ် ဆင်းရဲနွမ်းပါးပြီး လူနေမှုဘဝဖွံ့ဖြိုးဖို့ရည်ရွယ်ပြီးတော့ ကျန်းမာရေးအပြည့်အဝ သူတို့ ခံစားနိုင်ဖို့ရာအတွက် အပြည့်အဝ ပေးမှာပါ။ အခု ကျွန်တော်တို့က တကယ်တမ်း သာမန်အားဖြင့် နိုင်ငံမှာလည်း၊ အစိုးရမှာလည်း လုပ်နေတာတွေ ရှိပါတယ်။ ဒီကိစ္စတွေကို သို့သော်လည်းပဲ တစ်နိုင်ငံလုံးမှာ အပြည့်အဝ ဒီ

ကျန်းမာရေးစောင့်ရှောက်မှုကို ယခု ဥပဒေမှာ ရည်ရွယ်သလို အပြည့်အဝပေးနိုင်ဖို့သာ ကျွန်တော်တို့ နိုင်ငံအနေနဲ့လည်း ဒီ အဲဒီလောက်ကြီး ကျယ်ကျယ်ပြန့်ပြန့် မဆောင်ရွက်နိုင်သေးပါဘူး။ ဒါကြောင့်မို့လို့ တကယ်လိုအပ်တဲ့ဒေသမှာ တကယ့်ကို ကျန်းမာရေး အပြည့်အဝပေးနိုင်ဖို့အတွက် ရည်ရွယ် ပြီးတော့ ကျွန်တော်တို့ ဒါ ပြဋ္ဌာန်းတာဖြစ်ပါတယ်။ ဘာမှလည်း ပိတ်ပင်ထားခြင်း၊ တားမြစ်ထားခြင်း၊ အရေးယူဆောင်ရွက်ခြင်းတွေလည်း ရှိမှာမဟုတ်တဲ့အကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီကပြောစရာရှိလား။

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ အဲဒီနေ့က ကျန်းမာရေး ဒုတိယဝန်ကြီးနဲ့ ကျွန်တော် အကျေအလည် ကြားနာပါတယ်။ ဒီဥပဒေ ရေးဆွဲစဥ်ကလည်း စောစောက တောင်မှ ဒေါက်တာသိန်းသိန်းဌေး ကျွန်တော့်ကို ထပ်ပြောသွားပါတယ်။ သူကိုယ်တိုင်လည်း ပါပါတယ်။ အဲဒီတော့ အမျိုးသမီးဆိုင်ရာ အဖွဲ့အစည်းတွေရဲ့ Input တွေလည်း အကုန်ပါပါတယ်တဲ့။ ဘက်စုံ ထောင့်စုံ စဥ်းစားပြီးတော့ ကမ္ဘာ့စံနဲ့ညီလို့ ဒါကို ရေးဆွဲတင်ပြခြင်းဖြစ်တယ် ဆိုတာ ကျွန်တော်တို့ ဒါကို အတည်ပြုခြင်း ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဥပဒေကို ရှာဖတ်လိုက်လို့ရှိရင် တိုင်းဒေသကြီးနဲ့ ပြည်နယ် အစိုးရတစ်ခုက လိုအပ်မှ သုတေသန Survey တစ်ခုလုပ်မှာပါ။ လုပ်ပြီးရင် သူက ချက်ချင်း လုပ်လို့မရဘူး ဆိုတာ ပြည်နယ်လွှတ်တော်ကို တင်ရဦးမယ်၊ တိုင်းလွှတ်တော်ကို တင်ရဦးမယ်။ အဲဒီက အတည် ပြုမှ နိုင်ငံတော်သမ္မတကို စာတင်မှာပါ။ သမ္မတက Designated Area အဖြစ်နဲ့ သတ်မှတ် လိုက်မှ ဒီဟာကို အသက်ဝင်မှာ ဖြစ်တဲ့အချက်ပါ။

အဲဒီတော့ အဲဒီမှာထဲက ဒေသခံလူထု သဘောမတူရင်၊ ပြည်နယ်/တိုင်းလွှတ်တော်က သဘော မတူရင် ဒါ အတည်မဖြစ်ပါဘူး။ ဒုတိယအချက်က စောစောက ရှေ့နေချုပ် အမိန့်ရှိသလိုပါပဲ။ (၃၆)လ သားဆက်ခြားသင့်တယ် ဆိုတာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြံပြုချက် အမှန်ဖြစ်ပါတယ်။ ဒါကို မလိုက်နာ ချင်လို့ တစ်နှစ်နဲ့ယူလည်း ပြဿနာမရှိဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ပြစ်ဒဏ် သတ်မှတ်ထားခြင်းလည်း မရှိဘူး။ တားမြစ်ချက်လည်း မရှိပါဘူး။ ဒါဟာ Punitive Law မဟုတ်တဲ့ volunteer လိုက်နာနိုင်တဲ့ ဖြစ်တဲ့အတွက်ကြောင့် နိုင်ငံတကာပိတ်ပင်မှုမရှိဘူး ဆိုတာလည်း ကျွန်တော်တို့ ယုံကြည်တဲ့အတွက် ကြောင့် ဒါကို ပြဋ္ဌာန်းခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကြမ်းကို အတည်ပြုဖို့နဲ့ အတည်မပြုဖို့ အငြင်း ထွက်မှု ရှိပါတယ်။ ဒါကြောင့်မို့လို့ စက်ခလုပ်နှိပ်ပြီးတော့ ဆန္ဒမဲပေးတဲ့နည်းလမ်းကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ထောက်ခံမဲများရင် အတည်ပြုမှာဖြစ်ပြီး ကန့်ကွက်မဲများရင် အတည်မပြုမှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ(၁၅၄) မဲ၊ ကန့်ကွက်(၁၂) မဲ၊ ကြားနေ(၁) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် အဆိုအတည်ဖြစ်သည်။ အဆိုအတည်ဖြစ်တဲ့အတွက် လူဦးရေ တိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ။** ။ နေ့လည်စာသုံးဆောင်ဖို့ အစည်းအဝေးကို (၁း၀၀)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၅၃ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၂း၅၃ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၂း၅၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်း အဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၀၄။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်ပိုင်းခွင့်များ တင်ပြပါမယ်။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်း ကော်မတီအစည်းအဝေး။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ၎င်းအတိုင်း။ ဦးစိုးမြင့်၊ မကွေး(၆)၊ ၎င်းအတိုင်း။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ၎င်းအတိုင်း။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ၎င်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ၎င်းအတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ၎င်းအတိုင်း။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ၎င်းအတိုင်း။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဥပဒေ ကြမ်းပူးပေါင်း ကော်မတီအစည်းအဝေး။ ဗိုလ်မှူးချုပ်အောင်ဆန်းချစ်၊ တပ်မတော်၊ ပူးပေါင်းကော်မတီ အစည်းအဝေး။ ဦးစံပြည့်၊ ကချင်(၇)၊ ကော်မတီအစည်းအဝေးတို့ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

လွှတ်တော်က သဘောတူတဲ့အတွက် နေ့လည်ပိုင်း ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၃း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အသေးစားနှင့်အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီ က ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၆။**

**ဦးတင်ယု (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ရဲ့ တာဝန်ပေးချက်အရ ကော်မတီ၏ကိုယ်စား ဥပဒေကြမ်းကော်မတီဝင် ကျွန်တော်ဦးတင်ယုက အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ အား အမျိုးသားလွှတ်တော်သို့ ပြည်လည်ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏<br>အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းအပေါ်<br>စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/ ၂၀၁၅ - ၈၀<br>ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၀ ရက်

၁။ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ ၂၀-၁-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသား လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါသည်။ အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၅-၂-၂၀၁၅ ရက်နေ့တွင် ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်မြေအမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်း၊ မကွေး တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေတို့ က အကြံပြု ဆွေးနွေးခဲ့ကြပါသည်။ ထိုသို့ အကြံပြုဆွေးနွေးခဲ့သည့်အပေါ် ပြန်လည်ကြားနာရန် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက လမ်းညွှန်ခဲ့သဖြင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အကြံပြုဆွေးနွေး ခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၅-၂-၂၀၁၅ ရက်နေ့ တွင် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သော ရှမ်းပြည်နယ် မဲဆန္ဒနယ်

အမှတ်(၉)မှ အမျိုးသားလွှတ်တော် ဦးနေဝင်းထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းခဲ့ရာတွင် အောက်ပါအတိုင်း သဘောတူညီခဲ့ကြပါသည် -

(က) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းပုဒ်မ ၂၊ ပုဒ်မခွဲ(က)နှင့် (ခ) ခြေဆင်း ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိသင့်ပြီး ပုဒ်မ၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၂)၊(၃)၊(၄)၊(၅)၊(၆)၊(၇)နှင့် ပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)တို့ကို အလုပ်သမားဝန်ထမ်းများ၏ အကျိုးစီးပွားနှင့် အလုပ်အကိုင်ခိုင်မာမှုရှိစေရေးအတွက် အမျိုးသားလွှတ်တော်၏မူလအတည်ပြုချက် အတိုင်းသာ ထားရှိသင့်ကြောင်း တွေ့ရှိရပါသည်။

(ခ) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့်ဥပဒေကြမ်း ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ)နှင့် ပယ်ဖျက်ထားသော အမျိုးသားလွှတ်တော်၏ မူလအတည်ပြုချက် ပုဒ်မ၂၊ ပုဒ်မခွဲ(ဂ)၏ ပုဒ်မခွဲငယ် (၁) နှင့် (၂)တို့ကို အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများ အနေဖြင့် ရင်းနှီးမြှုပ်နှံမှုဥပဒေများနှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် အမျိုးသားလွှတ်တော်၏ မူလအတည်ပြုချက်အတိုင်းသာ ထားရှိသင့်ကြောင်းတွေ့ရှိရပါသည်။

(ဂ) ပြည်သူ့လွှတ်တော်မှ ပယ်ဖျက်ထားသော အမျိုးသားလွှတ်တော်၏ မူလအတည်ပြုချက်ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ဂ)ကို လုပ်ငန်းစာရင်းဇယားမှတ်တမ်းများ ပြုစုထားရှိနိုင်ရေးအတွက်ပယ်ဖျက်ရန်မသင့်ဘဲ အမျိုးသားလွှတ်တော်၏ မူလအတည်ပြုချက် အတိုင်းသာ ထားရှိသင့်ကြောင်း တွေ့ရှိရပါသည်။

(ဃ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းပုဒ်မ ၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁) နှင့် ပုဒ်မ၂၊ ပုဒ်မခွဲ(ဂ)တို့ကို မလိုအပ်၍ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းအပေါ်တွင် အမျိုးသားလွှတ်တော် က အတည်ပြုထားသည့် ပုဒ်မ ၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(ဃ)နှင့် ပြည်သူ့လွှတ်တော်က ပယ်ဖျက်ခဲ့သည့် ပုဒ်မ၂၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)၊ (၂)နှင့် ပုဒ်မ ၂၃၊ ပုဒ်မခွဲ(ဂ)တို့ကို အမျိုးသား လွှတ်တော်၏ အတည်ပြုချက်အတိုင်းသာ ဆက်လက်ထားရှိသင့်ကြောင်း တင်ပြအပ်ပါသည်။ အဆိုပါ အချက်များကို လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့်အချက်များအဖြစ် ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြသင့်ကြောင်း တစ်ပါတည်း အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၃း၁၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအနက် -

ဥပဒေကြမ်း၏ ခေါင်းစဉ်၊

အခန်း(၁)၊ အပိုဒ် ၂(က)ခြေဆင်း၊ အပိုဒ် ၂(ခ)(ဈ)(ည)(ဏ)(ဒ)၊

အခန်း(၂)၊ အပိုဒ် ၃(ခ)(ဂ)(ဃ)၊

အခန်း(၃)၊ အပိုဒ် ၄(က)(ခ)(ဂ)(ဃ)(င)(စ)၊

အခန်း(၄)၊ အပိုဒ် ၅(က)(ခ)၊ အပိုဒ် ၆(က)(ခ)(ဃ)(ဆ)(ည)၊

အခန်း(၅)၊ အပိုဒ် ၇(က)၊အပိုဒ် ၈(ခ)(စ)(ဆ)(ဇ)(ဈ)(ည)(ဋ)၊

အခန်း(၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၉၊

အခန်း(၇) အခန်းခေါင်းစဉ်၊ အပိုဒ် ၁၁၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄(ခ) (စ)(ဆ)(ဇ)(ဠ)(ဋ) (ဏ)(တ)(ထ)၊

အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊

အခန်း(၉)၊ အပိုဒ် ၁၈(က)(ခ)(ဃ)(င)(စ)(ဆ)(ဇ)(ဈ)

အခန်း(၁၀)၊ အပိုဒ် ၂၀(က)(ခ)(ဂ)(ဃ)(င)(ဆ) (ဇ)၊ အပိုဒ် ၂၁

အခန်း(၁၁)၊ အပိုဒ် ၂၃၊

အခန်း(၁၂)၊ အပိုဒ် ၂၄ ခြေဆင်း၊ အပိုဒ် ၂၄(ဂ)၊

အခန်း(၁၃)၊ အပိုဒ် ၂၅ ခြေဆင်း၊ အပိုဒ် ၂၅(င)၊

အခန်း(၁၄)၊ အပိုဒ် ၂၆(င)၊

အခန်း(၁၅)၊ အပိုဒ် ၂၇ ခြေဆင်း၊ အပိုဒ် ၂၇(ခ)(ဂ)(ဃ)(င)၊

အခန်း(၁၆)၊ အပိုဒ် ၂၈ ခြေဆင်း၊

အခန်း(၁၇)၊ အပိုဒ် ၂၉(က)(ခ)၊

အခန်း(၁၈)၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၅၊ အပိုဒ် ၃၇(ဂ) တို့ကို ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို သဘောတူ/မတူ လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့်

အပိုဒ် ၂(ဇ)၊ အပိုဒ် ၈(ဈ)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၇(ဂ)၊ အခန်း(၈) အခန်းခေါင်းစဉ်၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃(ဃ) တို့ကို ပြည်သူ့လွှတ်တော်၏ ပယ်ဖျက်ချက်အတိုင်း ထားရှိရန် တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

ဥပဒေကြမ်း၏

အပိုဒ် ၂(က)(၂)(၃)(၄)(၅)(၆)(၇)၊

အပိုဒ် ၂(ခ)(၁)(၂)(၃)(၄) (၅)(၆)၊

အပိုဒ် ၂(ဃ)၊ အပိုဒ် ၂၃(ဂ) တို့ကို ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ မူလပြင်ဆင် အတည်ပြုချက်အတိုင်း ထားရှိ သင့်ကြောင်း တင်ပြထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၇)၊ အပိုဒ် ၁၂

၁၂။ ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်က အေဂျင်စီအဖွဲ့ ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ရမည်။ အေဂျင်စီအဖွဲ့ ဥက္ကဋ္ဌ သည် ဒုတိယဝန်ကြီးအဆင့် ပုဂ္ဂိုလ်ဖြစ်သည် ဟု မှတ်ယူရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့်

အပိုဒ် ၂(က)(၁)နှင့် အပိုဒ် ၂(ဂ) တို့ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက်အတည် ဖြစ်သည်။ (သြဘာသံများ)

**ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆို တင်သွင်းခြင်း**

**အချိန်၊ ၁၃း၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၄(က) အရ လွှတ်တော်တွင် ပြန်လည်ဆွေးနွေးရာ၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောမတူကြောင်း တွေ့ရှိရသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထိုသို့ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၁၇။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်နဲ့ ပေးပို့လာသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းမှ အချက်(၁၈)ချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုထားခဲ့တဲ့အတိုင်း ဆက်လက်အတည်ပြုဖို့ ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပုဒ်မ ၁၆၄(က) နဲ့ အညီ ဤအချက်(၁၈)ချက်ကို လွှတ်တော်(၂)ရပ် သဘောထားကွဲလွဲသည့် အချက်များအဖြစ် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ပါရန် ကျွန်တော် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။

**အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၃း၁၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ ကချင် ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် အားကစားသိပ္ပံကျောင်း ဖွင့်လှစ် ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၁၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် တင်သွင်းထားသည့် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် အားကစားသိပ္ပံကျောင်း ဖွင့်လှစ်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၈။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းမှ ဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ဆက်အပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် မဲဆန္ဒနယ်မြေ အမှတ်(၁)မှ ဦးခက်ထိန်နန် တင်သွင်းခဲ့သော ကချင်ပြည်နယ်တွင် အားကစားသိပ္ပံအဆောက်အဦတစ်ခု တည်ဆောက်ရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆွေးနွေးရတဲ့ အကြောင်းအရင်းကတော့ အဓိက ကျွန်တော်ကချင်ပြည်နယ်မှာ တာဝန်ထမ်းဆောင်စဉ်မှာ ဟူးကောင်းချိုင့်ဝှမ်းမှာ (၅) နှစ်တိတိ ကျွန်တော်နေခဲ့ရပါတယ်။ အဲဒီ အတွေ့အကြုံနဲ့ လောလောဆယ်လက်ရှိ ကချင်ပြည်နယ်ရဲ့ အားကစားအခြေအနေနဲ့ကို သုံးသပ်ပြီးတော့ ကျွန်တော်တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်၊ (၂၇)ကြိမ်မြောက် အာဆီယံ အားကစားပြိုင်ပွဲမှာ ပြိုင်ပွဲပေါင်း(၃၃)ခု ပြိုင်ခဲ့ပြီး၊ မြန်မာနိုင်ငံ အနေနဲ့ ဆုတံဆိပ် (၂၃၃)ဆု ရရှိခဲ့ပါတယ်။ အဲဒီ(၂၃၃)ဆုထဲမှာ ရွှေက(၈၆)ခု၊ ငွေက(၆၂)ခု ၊ကြေးက(၈၅)ခုရရှိခဲ့ပြီး၊ ပြိုင်ပွဲဝင်(၁၀)နိုင်ငံထဲမှာ ဒုတိယအဆင့် ရရှိတာကို ကြည့်ခြင်းအားဖြင့် နိုင်ငံတကာအနေနဲ့ မြန်မာနိုင်ငံရဲ့အားကစားလောကကို လျှော့တွက်လို့မရကြောင်း လေ့လာတွေ့ရှိနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအားကစားပြိုင်ပွဲမှာ ကချင်ပြည်နယ်အနေနဲ့ ဆုကြီး(၃)ဆုကို ရရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ အဲဒီ အားကစားပွဲမှာတော့ နပန်းအနေနဲ့ ငွေ(၁)ဆု၊ စက်ဘီး အနေနဲ့ ငွေ(၁)ဆု၊ ဘိုဖီနန် အနေနဲ့ ကြေး(၁)ဆု စုစုပေါင်း(၃)ဆု ရရှိခဲ့ပါတယ်။ အဲဒါကြောင့် အဆိုရှင် အနေနဲ့ (၂၇)ကြိမ်မြောက် အားကစားပွဲမှာ ကချင်ပြည်နယ်ကိုယ်စားပြု ဆုက အလွန်နည်းပါတယ်။ ဒါကြောင့်မို့လို့ အခုနေ ဒါကို လာမယ့် အာဆီယံပွဲမှာ ကချင်ပြည်နယ် အနေနဲ့က ဆုကြီးတွေများများရ ဖို့အတွက် သူ့ဆီမှာ ဆန္ဒပြင်းပြနေပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုကိုတင်သွင်းခြင်းဖြစ်တာလို့ ကျွန်တော် ယူဆပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ မြစ်ကြီးနားအနေနဲ့ ပြောရမယ်ဆိုရင် အားကစားနဲ့ ပတ်သက်ပြီးတော့ အနေအထားက ရေခံမြေခံ ကောင်းတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ အားကစားသိပ္ပံ ဖွင့်လှစ်ရင် လေ့ကျင့်မယ့် နေရာတွေက အများကြီးရှိပါတယ်။ ဥပမာအားဖြင့် ပြောရမယ်ဆိုရင် ဧရာဝတီမြစ်က ကျွန်တော်တို့ မေခ၊ မေလိခကို ပေါင်းဆုံပြီးတော့ ဒါ ခုနလို ကချင်ပြည်နယ် တစ်ခုလုံးပါ ဖြတ်စီးသွားတဲ့ နေရာဖြစ်ပါတယ်။ ဒါဆိုရင် ကျွန်တော်တို့ လှေလှော်အားကစားပွဲတွေ၊ ရေ နဲ့ ပတ်သက်ပြီးတော့ အားကစားပွဲတွေ များများပြိုင်လို့ ရပါတယ်။ အထူးသဖြင့် ဒါက တိုင်းရင်းသား တွေ သုံးနေကျ ကနူးဆိုလို့ရှိရင် ဒါက နိုင်ငံတကာ International ကနူးနဲ့လည်း အများကြီးအကျုံးဝင်ပါတယ်။ ဒါတွေ များများပြိုင်လိုက်လို့ရှိရင်လည်း ရပါတယ်။ နောက် တစ်ခုက လှေလှော်ပြိုင်ပွဲတွေ ဒါ နည်းစနစ် အနေနဲ့ နှစ်တက်၊ သုံးတက်၊ လေးတက်၊ ငါးတက်၊ ဒါတွေကို ပြိုင်လို့ရှိရင်လည်း အများကြီးရနိုင်ပါ တယ်။ ဒါက ကချင်အမျိုးသားတွေအနေနဲ့ အများကြီး စွမ်းဆောင်နိုင်စွမ်းရှိပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့တွေ မြောက်ဘက်ခြမ်းမှာကျတော့ ခါကာဘိုရာဇီတို့၊ ဂန် လန်ရာဇီတို့ နောက်တစ်ခါ မကြီးဘွန်းတို့၊ နောက်တစ်ခါ ဆွန်ပရာဘွန်တို့ ဒီတောင်တန်းကြီးတွေ ရှိတဲ့ အတွက်ကြောင့် ဒါတွေဟာ ခြေလျှင်နဲ့ တောင်တက်အသင်းတို့ ဘာတို့ အများကြီး လေ့ကျင့်လို့ ရနိုင်တဲ့ နေရာတွေ အများကြီး ရေခံမြေခံ ကောင်းတဲ့ နေရာဖြစ်ပါတယ်။ ထို့အတူပဲ ကျွန်တော်တို့ စက်ဘီးပြိုင် ပွဲတို့၊ မော်တော်ကားမောင်း ပြိုင်ပွဲတို့ဆိုလို့ရှိရင် ကျွန်တော်တို့တွေ ပတ်ကွိုင်တောင် နန်းယွန်းကနေပြီး တော့ အိန္ဒိယကနေပြီးတော့ ဆက်ပြီးတော့ မောင်းဆင်းလာလို့ရှိရင် ဒါ လီဒိုလမ်းမကြီးတောက်လျှောက် ဒါ ပြိုင်ပွဲတွေ အများကြီးရှိပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့တွေ အားကစားသိပ္ပံတင်မက ဘူး နောင်တစ်ချိန်မှာဆိုရင် အားကစားတက္ကသိုလ်ပါ ရေခံမြေခံကောင်းပြီးတော့ ဖွင့်လှစ်နိုင်တဲ့ နေရာ တစ်ခု ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ တစ်ပိုင်းကပြန်ကြည့်လို့ရှိရင် ရေခံမြေခံ ကောင်းတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒီကနေပြီးတော့ ကချင်မျိုးနွယ်စု တိုင်းရင်းသားတွေဟာ ခုနလို ပေါ့၊ ဒါ ကချင်တိုင်းရင်းသား ဆိုပေမယ့် ကချင်မျိုးနွယ်စုတွေ အများကြီး ရှိပါတယ်။ အဲဒီ အများစုပါသလို ကျွန်တော်တို့ မြန်မာတိုင်းရင်းသားတွေထဲက နာဂတို့၊ ကျွန်တော်တို့ ဒီကနေ ရှမ်းတိုင်းရင်းသားတွေတို့၊ မြန်မာတို့ အများကြီး ဒီ ကချင်ပြည်နယ်ထဲမှာ ရှိပါတယ်။ ဒါတွေကလည်း စုပေါင်းပြီးတော့ သူကနေ ဒါ တိုင်းရင်းသားချစ်ကြည်ရေးကို ဖော်ဆောင်တဲ့ အားကစားသိပ္ပံကြီးတစ်ခု လို့ ကျွန်တော်တို့ ယူဆရင်လည်း ရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဆက်ပြီးတင်ပြချင်တာက ဒီ အားကစားသိပ္ပံကြီး ပေါ်လာလို့ ရှိရင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အကောင်အထည်ဖော်သလို တစ်ဖက်ကလည်း အားကစား သိပ္ပံပေါ်ထွန်းသည့် အတွက်ကြောင့် ယခုအချိန်မှာ ကျွန်တော်တို့ ကချင်ပြည်နယ်က အားကစားသမား တွေဟာ မန္တလေးမှာ သွားပြီးတော့ သင်ရတယ်။ သင်ရတဲ့အခါကျတော့ ဘာပဲပြောပြော တိုင်းရင်းသား တွေအနေနဲ့က ကိုယ့်သား/သမီးတွေ မျက်စိကွယ်ရာ၊ နားကွယ်ရာ အဝေးကြီးမှာ သွားသင်ရတဲ့အခါ ကျတော့ စိတ်မချတာလည်း ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အခုခေတ်မှာက မူးယစ်ဆေးဝါးတွေက နေရာအနှံ့ပျံ့နေတဲ့အတွက် ဒါတွေကို အဓိကအားဖြင့် သူတို့က စိတ်မချမ်း မသာ ဖြစ်နေကြတယ်။ ဒါက ကျွန်တော်လေ့လာတွေ့ရှိသလောက်၊ ဒါကြောင့်မို့လို့ တကယ်လို့သာ အားကစားသိပ္ပံကြီး မြစ်ကြီးနားမှာ

ကချင်ပြည်နယ်မှာ ပေါ်လာလို့ရှိရင် သူတို့အနေနဲ့က အများကြီး ခုနလို့ပေါ့ ဝမ်းလည်းဝမ်းသာမယ်။ နောက်ပြီးတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း ပိုပြီးတော့ စွမ်းဆောင်နိုင်မယ်လို့ ကျွန်တော် ယူဆပါတယ်။

ဒါကြောင့်မို့လို့ အဆိုရှင်အနေနဲ့ ကချင်အမျိုးသားတွေ လိုလားတဲ့ အားကစားသိပ္ပံကျောင်းကြီးကို ကချင်ပြည်နယ်မှာ တည်ဆောက်ပေးဖို့ ဒါကျွန်တော့်အနေနဲ့ လေးလေးနက်နက် ထောက်ခံရင်း ကချင်ပြည်နယ်မဲဆန္ဒနယ်မြေ အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် တင်သွင်းသော အဆိုအား လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၅။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၂၅။**

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည် တော်များနှင့် လေ့လာသူများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ပဏာမ ပြော ကြားလိုပါတယ်။ ကျွန်တော်က ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း ဖြစ်ပါတယ်။ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ကနေပြီးတော့မှ မြန်မာပြည်မြောက်ဘက် မြစ်ကြီးနားမြို့မှာ လူငယ်များ စွမ်းရည်ကိုယ်သွေးမြှင့်တင်နိုင်ရန်အတွက် အားကစားသိပ္ပံဖွင့်လှစ်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရကို တင်သွင်းတဲ့ အဆိုအပေါ်မှာ မိမိလက်လှမ်းမီသလောက် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဦးခက်ထိန်နန် ၏ မြန်မာပြည်မြောက်ခြမ်း မြစ်ကြီးနားမှာ အားကစားသိပ္ပံကျောင်းတည်ရန် တောင်းဆိုသည့် မူလရည်ရွယ်ချက်က ယနေ့ကျဆင်းနေသည့် မြန်မာနိုင်ငံ အားကစားကဏ္ဍကို ပြန်လည်မြှင့်တင်စေချင်တဲ့ အနှစ်(၄၀)ခေတ်က မြန်မာတို့ ရရှိခဲ့တဲ့ ရွှေခေတ် တစ်ခေတ်သို့ ပြန်လည်ဖော်ထုတ်ချင်တဲ့ စေတနာ တစ်နည်း နိုင်ငံတော်အတွင်း တောင်ပေါ် မြေပြန့် တိုင်းရင်းသား လူငယ်များ၏ ပင်ကိုရှိပြီးသော အားကစားစွမ်းရည်၊ ရွက်ပုန်းသီး ကစားသမားများကို ပြည်သူ့အားကစား ပရိသတ်ရှေ့မှောက်သို့ ပြန်လည်ရောက်လာစေရေး၊ တစ်ဖန် တိုင်းဒေသနဲ့ ပြည်နယ်အတွင်း ဒေသအလိုက် နိုင်ငံအားကစား လူရည်ချွန်၊ လူရည်မွန်များကို ပြန်လည် ဖော်ထုတ်ပေးစေချင်တဲ့ ယနေ့အားကစားအခန်းကဏ္ဍကျဆင်း ပျောက်ဆုံးသွားသလို လူငယ်များ မူးယစ်ဆေးဝါး သုံးစွဲခြင်း လမ်းကြောင်းများပေါ်သို့ ရောက်သွားခြင်းအတွက် အားကစားကို ပြန်လည်ဖော်ထုတ်ပေးခြင်းအားဖြင့် လူငယ်များကို ပြုပြင်ချင်တဲ့ စေတနာကို အဓိကထား၍ ဆောင်ရွက်ပေးချင်တဲ့ ဆန္ဒကြောင့် ယခုလို အားကစားသိပ္ပံကျောင်း တည်ဆောက်ပေးခြင်းအားဖြင့် နိုင်ငံ့အားကစားလောက ပြန်လည်ပြီးတော့ မြင့်မားပြီး ကမ္ဘာ့အားကစားတွင် ယှဉ်ပြိုင်လာနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ဖွံ့ဖြိုးတိုးတက်တဲ့ အားကစားတိုင်းဟာ ကမ္ဘာ့နိုင်ငံမြို့ကြီးတွေမှာ အားကစားသိပ္ပံကျောင်းများ ဖွင့်လှစ်ပြီး ကမ္ဘာ့အသိအမှတ်ပြုတဲ့ အားကစား

နည်းများကို အခြေခံကျကျ စနစ်တကျပြုစုပျိုးထောင် သင်ကြားပေးခဲ့တာကြောင့် ခေတ်နဲ့အညီ ယှဉ်ပြိုင်လာနိုင်ကြတာ ဖြစ်ပါတယ်။ မြစ်ကြီးနားမြို့မှာ အားကစားသိပ္ပံကျောင်း ဖွင့်လှစ်လိုက်ခြင်းအားဖြင့် ကချင်ပြည်နယ်အတွင်းက အားကစားလူငယ်များအတွက်သာ မဟုတ်ဘဲ စစ်ကိုင်းတိုင်းမြောက်ဘက်ခြမ်း၊ ရှမ်းပြည်နယ်မြောက်ဘက်ခြမ်းစတဲ့ ဒေသမှ အားကစားလူငယ်များကို မွေးထုတ်လာနိုင်မှာ ဖြစ်ပါတယ်။ ယနေ့မြန်မာနိုင်ငံမှာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ မော်လမြိုင်မြို့တွေမှာ အားကစားသိပ္ပံကျောင်းများ ဖွင့်လှစ်လာနိုင်တာကို ကျွန်တော်တို့ လွှတ်တော်အနေနဲ့ကလည်း ကြိုဆိုပါကြောင်း ပြောကြားလိုပါတယ်။ ယနေ့ မြန်မာ့အားကစားသည် ဘောလုံးအားကစားကို ကြည့်ခြင်းအား ဖြင့် ရန်ကုန်၊ မန္တလေးအားကစား သိပ္ပံကျောင်းကနေ မွေးထုတ်ပေးလိုက်တဲ့ အားကစားသမားကောင်းများကြောင့် မကြာမီလပိုင်းအတွင်းမှာ နယူးဇီလန်မှာ ကျင်းပမယ့် ယူ ၁၉ FA ကမ္ဘာ့အားကစားပြိုင်ပွဲကို မြန်မာ ယူ ၂၀ ဘောလုံးအသင်းအနေနဲ့ အုပ်စု A မှာပါပြီး၊ မေလက စပြီးတော့မှ အမေရိကန် လူငယ်များနဲ့ ပွဲဦးထွက်ကစားမှာ ဖြစ်ပါတယ်။ ယခုလို ကမ္ဘာ့ပြိုင်ပွဲအဆင့်သို့ ပါဝင်ယှဉ်ပြိုင်နိုင်ခြင်းသည် အားကစားသိပ္ပံကျောင်း ဖွင့်လှစ်ပေးလိုက်ခြင်းအားဖြင့် ရလာဒ်အကျိုးတရားပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဘောလုံးအသင်းအနေနဲ့ ၁၉၇၀ မြူးနစ်ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲကို ပထမအကြိမ်၊ ယခု ဒုတိယအကြိမ် ပါဝင်နိုင်ခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိအနေနဲ့ အဆိုရှင် တောင်းဆိုချက်၊ တိုက်တွန်းချက်ကို ယခု ချက်ခြင်း မဖြစ်နိုင်သော်လည်း ပြည်နယ်အစိုးရ ရန်ပုံငွေများနဲ့ ညှိနှိုင်းပေါင်းစပ်ပြီး နောက်ဖြည့်စွက် ရန်ပုံငွေ၊ ငွေလုံးငွေရင်းများနဲ့ ၂၀၁၅-၂၀၁၆ မှာ အစပျိုးပြီးတော့မှ လုပ်နိုင်ဖို့ တိုက်တွန်းလိုပါတယ်။ တစ်ချိန်က မြန်မာနိုင်ငံအားကစားခေတ်မှာ ကချင်ပြည်နယ်က မွေးထုတ်ပေးလိုက်တဲ့ အားကစားသမားဟာ (၆၃)ဦးကျော်ရှိပါတယ်။ ကာလအားဖြင့် ၁၉၅၅ ခုနှစ်ကနေပြီးတော့မှ ၂၀၀၁ ခုနှစ်အထိပါဝင်တဲ့ အားကစားသမားပဲ ဖြစ်ပါတယ်။ ယခင်က ပါဝင်ယှဉ်ပြိုင်လာတဲ့ အားကစားသမားများဟာ ကမ္ဘာ့အသိအမှတ်ပြုတဲ့ ပြေးခုန်ပစ်၊ ဘောလုံး၊ ဘောလီဘော၊ ဘတ်စကတ်စတဲ့ ကစားနည်းမျိုးဖြင့် မြန်မာနိုင်ငံ အာရှ၊ အရှေ့တောင်အာရှ၊ အာရှကျွန်းဆွယ်တွေမှာ ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုများရယူနိုင်ခဲ့တဲ့ အားကစားမျိုးတွေ ဖြစ်ပါတယ်။

ယနေ့ ဘောလုံးကလွဲပြီး ပြေးခုန်ပစ်၊ ဘောလီဘော၊ ဘတ်စကတ်ဘော၊ ကြက်တောင်၊ လက်ဝှေ့စတဲ့ ကစားနည်းများ ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း အဆင့်ဝင်နိုင်ခြင်းမရှိတာကို လေ့လာခြင်းအားဖြင့် အားကစားကျနေတယ်ဆိုတာကို တွေ့ရပါတယ်။ ယခုလွန်ခဲ့တဲ့ (၂၇)ကြိမ်၊ အာဆီယံဆီးဂိမ်း အားကစား ပြိုင်ပွဲမှာ ပြန်လည်လေ့လာတဲ့အခါ မြန်မာရတဲ့ ရွှေ၊ ငွေဆုတွေဟာ ပြေးခုန်ပစ်မှာ မပါ သလို ဘောလီဘော၊ ဘတ်စကတ်ဘော၊ ကြက်တောင်၊ လက်ဝှေ့စတာတွေမှာလည်း အဆင့်ရှိရှိပါဝင် နိုင်ခဲ့တာ မရှိပါဘူး။ ဘောလုံးကတော့ အာဆီယံအသင်းဆု မရရှိခဲ့ပေမယ့် အညံ့ကြီးမဟုတ်ပါဘူး။ ယခင် ပြေးခုန်ပစ် ဆိုရင် အမြဲတမ်းလိုလို နိုင်ငံ့အတွက် ရွှေ၊ ငွေ၊ ကြေးစတဲ့ ဆုတစ်ခုခုကိုတော့ ရပြီးသား ဖြစ်ပါတယ်။ ယခုအခါ ကြေးမဆိုထားနှင့် ပြေးခုန်ပစ်နဲ့ ပတ်သက်လာရင် နောက်ဆုံးကလို ဖြစ်နေပါတယ်။ ဒါဘာကြောင့်လဲဆိုပြီးတော့ လေ့လာလိုက်တဲ့အခါ ယခင်ရွှေခေတ်မှာ အားကစားကို နိုင်ငံအားကစား ပြိုင်ပွဲများ နှစ်စဉ် ရှိလာခြင်း၊ ပြေးခုန်ပစ် အားကစားနည်းမျိုးစုံ ပစ္စည်းများကိုလည်း အခြေခံကျောင်းတိုင်း၊ ဌာနတိုင်း၊ တပ်မတော် ကြည်း၊ ရေ၊ လေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ လေ့ကျင့်မှုရှိသလို ပြိုင်ပွဲကိုလေ့ကျင့်ကစားပြီး ပါဝင်ယှဉ်ပြိုင်လာနိုင်အောင်လည်း အားပေးမှုများ ရှိတာကြောင့် ဖြစ်ပါတယ်။

ယခင်မြို့နယ်အတွင်းမှာ မူလတန်းကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများ၊ နောက် အလယ်တန်း၊ အထက်တန်း၊ မြို့နယ်အလိုက်၊ တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ ကျောင်းသားအားကစားပွဲတော် အနေနဲ့ ကျင်းပခြင်း၊ မြို့နယ်အလိုက် လူကြီးပြိုင်ပွဲများကို ကျင်းပခြင်း၊ တပ်ပိုင်းမှာ ကြည့်ပြန်ရင်လည်း ကြည်း၊ ရေ၊ လေ နှစ်စဉ် အားကစားပြိုင်ပွဲတွေလုပ်သလို နိုင်ငံတော်က ဌာနဆိုင်ရာမှာလည်းပဲ ပြိုင်ပွဲများကို ကျင်းပခြင်းအား လုပ်တာကို တွေ့ရပါတယ်။ ဒီလိုကျင်းပနိုင်ခဲ့တဲ့အတွက် နိုင်ငံ့အနေနဲ့ ဒီနေ့ အမျိုးသားအားကစားပွဲတော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အားကစားပွဲတော် စဉ်ဆက်မပြတ် ကျင်းပခဲ့တဲ့အတွက်ကြောင့်မို့လို့ မြန်မာ့အားကစားဟာလည်းပဲ အားကစားလက်ရွေးစင်ကောင်းများ ရရှိနိုင်တာကြောင့် အာရှ၊ အရှေ့တောင်အာရှ၊ အာရှကျွန်းဆွယ်တွေမှာ ရွှေခေတ်တစ်ခေတ်ဖြစ်လာရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံရဲ့ အားကစားအနှစ်(၄၀)အတွင်း ကျဆင်းရတဲ့ အဓိကအချက်မှာ ယနေ့ အထက်တန်းကျောင်းတွေကို ပြန်ကြည့်လိုက်တဲ့အခါ ဘောလုံးကွင်း၊ ဘောလီဘောကွင်း၊ ဘတ်စကတ်ဘောကွင်း၊ ကြက်တောင်ကွင်းစသည့် ကွင်းများ တချို့ကျောင်းတွေမှာ မရှိသလောက် ဖြစ်နေပါပြီ၊ ယခင်က ကျောင်းတွေမှာ ရှိခဲ့တဲ့ ပြေးခုန်ပစ်ဆိုရင်လည်းပဲ လေ့ကျင့်နိုင်ဖို့ သံပြားဝိုင်း၊ သံ လုံး၊ လှံတိုင်စတဲ့ ပစ္စည်းများကိုလည်း လေ့ကျင့်ဖို့ရာ တစ်ခါတည်း အထက်တန်းကျောင်းတွေမှာ ရှိသ လို ယခုအချိန်မှာ မရှိသလောက်ပျောက်ဆုံးနေတာ တွေ့ရပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့်အားကစား လောက ပျောက်ဆုံးမှေးမှိန်ခဲ့ရတဲ့ အကြောင်းရင်းတရားဖြစ်ပါတယ်။ လွန်ခဲ့တဲ့ အနှစ်(၄၀)ကာလမှာ အထက်တန်းကျောင်းတွေမှာ အထက်ကတင်ပြတဲ့ အားကစားမျိုးအားလုံးဟာ ပြည့်ပြည့်စုံစုံရှိပြီးသား ဖြစ်ပါတယ်။ မြို့ကြီးအချို့မှာ အထက်တန်းကျောင်းတွေဟာ ဘောလုံးကွင်းမရှိသော်လည်းပဲ ဘောလုံးကွင်း ရှိတဲ့ နေရာမှာ သွားရောက်ပြီးတော့ လေ့ကျင့်ခဲ့ပါတယ်။ အဲဒီအချိန်က အခြေခံအားကစားဟာ မူလတန်းမှ အထက်တန်းအထိ စဉ်ဆက်မပြတ်ရှိခဲ့သလို တက္ကသိုလ်ပေါင်းစုံမှာလည်းပဲ နှစ်စဉ်ကျင်းပလျက် ရှိပါတယ်။ အဲဒီနောက်ပိုင်း ယခုအခါ အားကစားကို အဖြစ်သဘောလောက်သာ ပြိုင်လာတာကို တွေ့ရ ပြီးတော့မှ အားကစားကျဆင်းရတဲ့ အကြောင်းဟာ မထူးဆန်းပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့လူငယ်များရဲ့ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပညာရေး တစ်ခုသာ ဆောင်ရွက်လို့မရပါဘူး။ ယနေ့လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လူငယ်များရဲ့ စိတ်ဖိစီးမှုတွေကို ဖြေလျှော့ရမှာ ဖြစ်ပါတယ်။ ယနေ့ ကျောင်းသားလူငယ်တွေဟာ စာနဲ့ ကျောင်း၊ ကျောင်းနဲ့ အချိန်ကုန်နေတာကြောင့် ကြာလာတော့ စိတ်ဖိစီးပြီး လူငယ်တွေအတွက် ထွက်ပေါက်ရရှိရေးကို စဉ်းစားလာကြပါတယ်။ အဲဒီလို လူငယ်တွေဟာ ကျောင်း၊ ကျူရှင်၊ ကျူရှင်နဲ့ ကျောင်းဆိုပြီး နိစ္စဓူဝ လုပ်နေရတဲ့ ပတ်ဝန်းကျင်နဲ့ ကင်းဝေးပြီး လူမှုကိစ္စ၊ ပရဟိတကိစ္စဆိုတာလည်း ဘာမှန်းမသိ တော့ စိတ်ဖိစီးမှုရဲ့ အဆုံး ထွက်ပေါက်တစ်ခု မရရအောင် ကြံစည်လာကြခြင်း ဖြစ်ပါတယ်။ ထွက်ပေါက် မကောင်းဘဲ အပေါင်းအသင်းမှားပြီး လမ်းမှားပေါ်ရောက်၊ မူးယစ်သားကောင်ဘဝအဖြစ်သို့ ရောက်လို့ ရောက်မှန်းမသိ၊ ဘဝပျက်ဆီးမှုနဲ့ ကြုံနေရတဲ့ အချိန်အခါမျိုး ဖြစ်ပါတယ်။ အကယ်၍သာ ယနေ့ ကျောင်းသား လူငယ်များအတွက် ကျောင်းများကစ၍ အားကစားနည်းများဖြင့် ဖွင့်လှစ်လိုက်မယ်ဆိုရင် လူငယ်များဟာ မိမိကြိုက်နှစ်သက်ရာ အားကစားထဲရောက်ရှိပြီးတော့မှ စိတ်ဖိစီးမှုကို သူတို့ အတွက် ရှိလာတော့မှာ မဟုတ်ပါဘူး။

ဒါကြောင့် မိမိအနေနဲ့ ပြည်ထောင်စုအစိုးရအား အ.မ.က၊ အ.လ.က၊ အ.ထ.က ကျောင်းတွေမှာ ဘောလီဘောကွင်း၊ ဘောလုံးကွင်း၊ ကြက်တောင်၊ ပြေးခုန်ပစ်လေ့ကျင့်ရာ ကစားပစ္စည်းများ ထူထောင်ပေးဖို့ တိုက်တွန်းလိုပါတယ်။ ကျောင်းတွေမှာလည်း အသင်းလိုက် ပြိုင်ပွဲတွေ ကျင်းပပေးခြင်းအားဖြင့် အားကစားရဲ့ အခြေခံရလာနိုင်မှာ ဖြစ်ပါတယ်။ တစ်ဖန် တက္ကသိုလ်၊ ဌာနပေါင်းစုံ၊ တပ်မတော် ကြည်း၊ ရေ၊ လေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အထိ အသိအမှတ်ပြု အားကစားသမား လေ့ကျင့်ပျိုးထောင်ဆောင်ရွက်ပြီး၊ ပြိုင်ပွဲများကျင်းပလာနိုင်မယ်ဆိုပါက မြန်မာအားကစားတစ်ခေတ်ပြန်ရောက်လာမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ မိမိနိုင်ငံအနေနဲ့ ကမ္ဘာ့နိုင်ငံတွေနဲ့ အမြဲပါဝင်ယှဉ်ပြိုင်နေမယ့်အတွက် မလုပ်မဖြစ် အားကစားအခြေခံ ရရှိရေးကို မူလတန်းမှ တက္ကသိုလ်အထိ ကာယဆရာ/ဆရာမများ ဖွဲ့စည်းပြီးတော့မှ ဆောင်ရွက်သင့်ပါ တယ်။ အားကစားဘာသာရပ်ကိုလည်း စာမေးပွဲမှာ အမှတ်ပေးထည့်သွင်းပေးသင့်ပါတယ်။ ယခုအခါ ပညာမထူးချွန်ပေမယ့် အားကစားထူးချွန်တဲ့ လူငယ်တွေရဲ့ ဘဝရပ်တည်ရေးဝင်ငွေဟာ မိသားစုအတွက် များစွာ အထောက်အပံ့ပေးနေတဲ့ ကာလမျိုးဖြစ်ပါတယ်။ ဒါကို နောက် မျိုးဆက်သစ်လူငယ်များ လေ့လာသိရှိစေချင်ပါတယ်။ ယခုအခါ နိုင်ငံအနေနဲ့ အမျိုးသားအားကစားပွဲတော်များ ပြန်လည် ကျင်းပခြင်းကလည်း အားကစားသမားကောင်းများ ဖော်ထုတ်ရေးအတွက်ပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ မူလဗီဇရှိကြတဲ့ လူငယ်တွေအတွက် အခြေခံကျောင်းများမှာ အားကစားမျိုးစုံ ဖွင့်ပေးထားခြင်းအားဖြင့် ပါရမီရှိတဲ့ လူငယ်တွေအတွက် များစွာထိုးဖောက်အောင်မြင်သွားနိုင်တဲ့ အားကစားလူရည်ချွန်များ ဖြစ်လာကြမှာ ဖြစ်ပါတယ်။

မြန်မာဆိုရိုးစကားလည်းရှိပါတယ်။ အပွေးမြင် အပင်သိဆိုသလို ပါရမီအခံရှိကြတဲ့ လူငယ်တွေဟာ ပညာရေးပဲဖြစ်ဖြစ်၊ အားကစားပဲဖြစ်ဖြစ် နည်းပေးလမ်းပြလေး ရှိလိုက်ခြင်းအားဖြင့် မိမိစိတ်ဓာတ်ကြံ့ခိုင်မှုအတွက် ကြိုးစားပြီး လုပ်သွားကြရင် ပညာဘက်သန်တဲ့ လူငယ်တွေဟာ ပညာထူးချွန်သွားမှာပဲ၊ အားကစားသန်တဲ့ လူငယ်တွေဟာ အားကစားထူးချွန်သွားမှာ ဖြစ်ပါတယ်။ အဓိက လူငယ်တွေအတွက် လမ်းကြောင်းမှန်ပေါ် ရောက်ရှိရန် ဘယ်လိုစည်းရုံးဆောင်ရွက်မှာလဲဆိုတာကိုပဲ စဥ်းစားသင့်ပါတယ်။ ဒါဟာ တိုင်းပြည်အတွက် အဖိုးထိုက်တန်တဲ့ ရတနာတစ်ပါးဖြစ်ပါတယ်။ ယခင်ကျောင်းသားဘဝတွေဟာ ပညာရေးနဲ့ ပတ်သက်၍ စိတ်ဖိစီးမှု မရှိကြပါဘူး။ ကျောင်းမှသင်ကြားမှုနဲ့ လေ့ကျင့်မှု မှန်မှန်ပေးကြခြင်းအားဖြင့် ပညာထူးချွန်ထက်မြက်တဲ့ ကျောင်းသားများထွန်းပေါ်လာခဲ့ခြင်း ဖြစ်ပါတယ်။ ယခုခေတ်လို နည်းပညာမထွန်းကားခဲ့လို့သာ ရှိခဲ့ကြပေမယ့် လွတ်လွတ်လပ်လပ်နဲ့ ပညာရေးနဲ့ အားကစားကိုတွဲပြီးလုပ်ခဲ့ကြတဲ့ ခေတ်မှာ မြန်မာနိုင်ငံဟာ အားကစားရော၊ ပညာရေးရော မည်ခဲ့တဲ့ခေတ်ဖြစ်ပါတယ်။ အဲဒီအချိန်မှာ စာကြမ်းပိုးလို့ ခေါ်လောက်တဲ့ စာကြိုးစားတဲ့ ကျောင်းသားတွေကပင် ကျောင်းအားလပ်ချိန်မှာ ကိုယ်ဝါသနာပါတဲ့ အားကစားကို ဝင်ရောက်ကစားပါသေးတယ်။ နောက်ဆုံး ဘာမှမကစားတတ်တဲ့ ကျောင်းသားတွေတောင်မှ သူငယ်ချင်းများကစားတဲ့ ကွင်းဘေးမှာ ကြည့်ရှု အားပေးဖော်ရတဲ့ ခေတ်မျိုးဖြစ်ပါတယ်။

ဒါကြည့်ခြင်းအားဖြင့် ယခင်ကျောင်းသားဘဝ စိတ်ဖိစီးမှုနည်းပြီး ပတ်ဝန်းကျင်နဲ့လည်း မကင်းတဲ့ သဘောမျိုးရှိနေပါတယ်။ ကုန်ကုန်ပြောရရင် ကျောင်းတွေမှာလည်း ကျောင်းပိတ်ရက်တွေ၊

အားလပ် ချိန်တွေမှာ နေ့တစ်ပတ်လုံး ကျောင်းတွင်းစာပေပြိုင်ပွဲ၊ အားကစားပြိုင်ပွဲ၊ စိုက်ပျိုးရေးပြိုင်ပွဲ၊ ကျောင်း အိမ်တွင်းလက်မှုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲစသည့် အသင်းလိုက် ပြိုင်ပွဲ လုပ်ငန်းများ နှစ်စဉ်ရှိကြတဲ့အတွက်ကြောင့်မို့လို့ ကျောင်းသားတိုင်းဟာ ပတ်ဝန်းကျင်နဲ့ မကင်းသလို မိမိ အသင်းအလံထိပ်ရောက်ရှိရေးအတွက်ပါ ကြိုးစားခဲ့ကြခြင်း ဖြစ်ပါတယ်။ ကျောင်းသားလူငယ်များဘဝ အဲဒီခေတ်မှာ ပျော်စရာကြီးဖြစ်ပြီး လမ်းမှားပေါ်ရောက်ရှိမှု နည်းတဲ့ခေတ်ကာလလည်း ဖြစ်ပါတယ်။ ယနေ့ ကျောင်းသားလူငယ်တွေမှာ ကိုယ်ပိုင်လွတ်လပ်ခွင့် အချိန်မရှိ၍ စိတ်ဖိစီးမှုများပြီးတော့မှ ပတ်ဝန်းကျင်နဲ့ ကင်းဝေးလာပြီးတော့ ထွက်ပေါက်ရှာ လမ်းမှားရောက်သွားတာ တိုင်းပြည်နဲ့လူမျိုး အတွက် များစွာ ဆုံးရှုံးပါတယ်။

သို့ပါ၍ ပြည်ထောင်စုအစိုးရ အနေနဲ့ ရပ်တိုင်း၊ ရွာတိုင်း အားကစားပြန်လည်ဖွံ့ဖြိုးရန် အတွက် အားကစားပစ္စည်းမျိုးစုံနဲ့ ကာယဆရာ/ဆရာမများ မွေးထုတ်ပြီး အခြေခံမူလတန်းမှ တက္ကသိုလ် အဆင့်အထိ ပြန်လည်ဖော်ထုတ်သင့်ပြီလို့ အကြံပြုလိုပါတယ်။ အားကစားဘာသာရပ်ကိုလည်း စာမေးပွဲ တွင် ထည့်သွင်းပေးသင့်ကြောင်း အကြံပြုလိုပါတယ်။ ယခုအခါ နိုင်ငံတော်အစိုးရ အနေနဲ့ကလည်း အားကစားကို ကမ္ဘာနဲ့ ယှဉ်နိုင်ရန် နည်းမျိုးစုံ ပြုစုပျိုးထောင်နေတာကိုလည်း မျက်မြင်ကိုယ်တွေ့ပဲ ဖြစ်ပါတယ်။ သို့သော် နိုင်ငံအတွင်း တောင်ပေါ်မြေပြန့် တိုင်းရင်းသားများ အားကစားထူးချွန် ထက်မြက် တဲ့ ပါရမီရှင် ရွက်ပုန်းသီး အားကစားသမားကို ဘယ်လိုနည်းဗျူဟာမျိုး ချပြီးတော့မှ ဖော်ထုတ်ကြမှာလဲ။ ဒီအတွက် မြန်မာနိုင်ငံ အားကစားဝန်ကြီးဌာန အနေနဲ့ စဉ်းစားရမယ့်အချက် ဖြစ်ပါတယ်။ အခြေခံကျကျ ပြိုင်ပွဲနဲ့ နှစ်စဉ်ကျင်းပပြီး ခေတ်နဲ့အညီ ထိုက်တန်တဲ့ဆုများဖြင့် မက်လုံးပေးခြင်း၊ ယခုထူးချွန် အားကစား သမားများ၏ ဘဝရပ်တည်မှုဝင်ငွေ မျက်ဝါးထင်ထင် ပေါ်လွင်နိုင်ရန် မျိုးဆက်သစ်အားကစားလူငယ် များကို မက်လုံးပေးခြင်းမျိုးလုပ်ပြီး ဖော်ထုတ်ရန် လိုအပ်ပြီဖြစ်ပါတယ်။ အခြေခံ မူလတန်းကျောင်းတွေမှာ ယခင် ခေတ်ကလို အပြိုင်အဆိုင် အားကစားပြိုင်ပွဲများ ကျင်းပခြင်းသည် ပါရမီရှင် အားကစား သမားကောင်း များ၏ လက္ခဏာကို တွေ့မြင်စေခြင်း ဖြစ်ပါတယ်။ အဲဒီလို ဇရှိတဲ့ တေဇလူငယ်တွေကို ခေတ်မီအားကစားသိပ္ပံကျောင်းသို့ စုဆောင်းပြီး ပြီးရင်(၅)နှစ်အတွင်း ထက်မြက်ထူးချွန်တဲ့ အားကစား ကောင်းများ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ပေါ်ထွက်လာတဲ့ အားကစားသမားကို ကာယနဲ့ စာရိတ္တ တွဲပြီးတော့မှ ပညာပေးပြုစုပျိုးထောင်လိုက်ခြင်းအားဖြင့် တိုင်းပြည်ရဲ့ အဖိုးထိုက်တန်တဲ့ ရတနာ လေးများ ဖြစ်လာမယ် လို့ တင်ပြလိုပါတယ်။

ဒါကြောင့်ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)ဦးခက်ထိန်နန် ရဲ့ ပြည်ထောင်စုအစိုးရသို့ မြစ်ကြီးနားတွင် အားကစားသိပ္ပံကျောင်း ဖွင့်လှစ်ရန် တောင်းဆိုထားသော အဆိုအပေါ်မှာ လေးလေး နက်နက်ထောက်ခံရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၃၇။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၃၇။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စု ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကာယစိတ္တသုခနှစ်ဖြာနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း

မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင် ပဲ ဖြစ်ပါတယ်။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် တင်သွင်းတဲ့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှာ အားကစားသိပ္ပံကျောင်းဖွင့်လှစ်ပေးဖို့ ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် သဘာဝသယံဇာတ အရင်းအမြစ်နဲ့ လူသားအရင်းအမြစ် မရှိမဖြစ်လိုအပ်မှာ ဖြစ်ပေမယ့် အဓိကကျတာတော့ လူသားအရင်းအမြစ်ပဲ ဖြစ်ပါတယ်။ သဘာဝသယံဇာတ အရင်းအမြစ်ဟာ ထုတ်ယူသုံးစွဲတာများလျှင် တဖြည်းဖြည်းကုန်ခန်းသွားနိုင်သလို ထုတ်ယူအသုံးပြုတာ နည်းလမ်းမှန်ကန်မှုမရှိရင်လည်း သယံဇာတ ကျိန်စာတောင် သင့်နိုင်တယ်လို့ ပညာရှင်တွေရဲ့ အဆိုအမိန့်မှာ လေ့လာမှတ်သားဖူးပါတယ်။ လူသား အရင်းအမြစ်ကတော့ အသုံးပြုတာများလေလေ ပိုမိုဖွံ့ဖြိုးတိုးတက်လေပဲ ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးဟာ လူထုကို ဗဟိုပြုတဲ့ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုနဲ့အတူ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးပြီး ကမ္ဘာ့နိုင်ငံအသီးသီးနဲ့ နိုင်ငံရေး၊ စီးပွားရေး မျက်နှာစာများ ဖွင့်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေချိန်မှာ လူ့စွမ်းအားအရင်းအမြစ်တွေ များစွာပဲ လိုအပ်မယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ လူ့စွမ်းအား အရင်းအမြစ်တွေကလည်း ကာယ၊ ဉာဏ စွမ်းအားနှစ်မျိုးစလုံး အရေးပါတယ် ဆိုပေမယ့် ကာယစွမ်းအားက မရှိမဖြစ် လိုအပ်နေမှာ ဖြစ်ပါတယ်။

ဥပမာ လူတစ်ယောက်ဟာ ဉာဏစွမ်းရည်ထူးချွန်ထက်မြက်နေပေမယ့် ခန္ဓာကိုယ်ကျန်းမာရေးချို့တဲ့နေမယ်ဆိုရင် သူရဲ့ စွမ်းရည်တွေကို ထိရောက်စွာအသုံးချနိုင်တော့မှာ မဟုတ်ပါဘူး။ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းနေမှ ဉာဏ်စွမ်းရည်နဲ့ပေါင်းစပ်ပြီး လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်သလို ရည်ရွယ်ချက်၊ ရည်မှန်းချက်ပန်းတိုင်ကိုလည်း အရောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။ အခုအဆိုဟာ အဆိုရှင်အနေနဲ့ အနာဂတ်နိုင်ငံတော်ကြီးအတွက် ရည်ရွယ်ပြီး နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ပြီး ကာယ၊ ဉာဏ စွမ်းအားပြည့်ဝနေဖို့ နိုင်ငံတော်အနေနဲ့ အခုချိန်ကစပြီး ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ နိုင်ငံတော်မြောက်ပိုင်း ကချင်ပြည်နယ်မှာ အားကစားသိပ္ပံကျောင်းဖွင့်လှစ်ပေးဖို့ အဆို တင်သွင်းခြင်းဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ နားလည်မိပါတယ်။

ဒီနေရာမှာ ကျွန်တော့်အနေနဲ့ အနည်းငယ်ဖြည့်စွက်ဆွေးနွေးလိုပါတယ်။ နိုင်ငံတော်အနေနဲ့ ကချင်ပြည်နယ်တင် မကဘဲ နိုင်ငံနှင့်အဝှမ်းတိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ အားကစားကျောင်းတွေ ဖွင့်လှစ်သင့်တယ်လို့ ဖြည့်စွက်အကြံပြုတင်ပြအပ်ပါတယ်ခင်ဗျာ။ ဒီလို ဖြည့်စွက်အကြံပြုတင်ပြရခြင်းဟာလည်း ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသားမျိုးနွယ်စုပေါင်း(၁၀၀)ကျော် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ အတူတကွမှီတင်းနေထိုင်ကြတာကြောင့် တိုင်းဒေသကြီး၊ပြည်နယ်များမှာရှိကြတဲ့ တိုင်းရင်းသား၊ နိုင်ငံသားအားလုံး ကျန်းမာကြံ့ခိုင်ပြီး ကာယ၊ ဉာဏ စွမ်းအားများပြည့်စုံကာ စည်းလုံးညီညွတ်စွာနဲ့နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် အားလုံးပူးပေါင်းဆောင်ရွက်နိုင်ကြဖို့ပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေနဲ့ အားကစားကဏ္ဍဖွံ့ဖြိုး တိုးတက်ဖို့၊ မြှင့်တင်ဆောင်ရွက်ဖို့ဆိုရင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ အားကစားသိပ္ပံကျောင်းတွေ ဖွင့်လှစ်ပြီး အားကစားကို ဝါသနာပါပြီး စိတ်ဝင်တစားရှိသူ၊ ပင်ကိုယ်အရည်အချင်း ပါရမီရှိသူ၊ လူငယ်

လူရွယ်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးပြီး ပြုစုပျိုးထောင် မွေးထုတ်ပေးရမှာ ဖြစ်ပါတယ်။ ဒါမှလည်း ထူးချွန်ထက်မြက်တဲ့ အားကစားသမားကောင်းများ ပေါ်ထွက်လာပြီး နိုင်ငံတော်ရဲ့ အားကစားကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် အမှန်တကယ် ဆောင်ရွက်နိုင်ကြမှာ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း နိုင်ငံတော်ကို ကြီးစွာအန္တရာယ်ပြု ခြိမ်းခြောက်နေတဲ့ မူးယစ်ဆေးဝါး အန္တရာယ်ကိုလည်း တစ်ဖက်တစ်လမ်းကနေ အကာအကွယ်ပေးပြီးသား ဖြစ်နိုင်မယ်လို့ လေးစားစွာ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အားကစားကဏ္ဍနှင့်ပတ်သက်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ် အမျိုးသား စီမံကိန်းကဏ္ဍအလိုက် မူဝါဒ ရည်မှန်းချက်လုပ်ငန်းလမ်းစဉ်များ မူကြမ်းကိုလေ့လာကြည့်တဲ့အခါ အားကစားကဏ္ဍရဲ့ အပိုဒ် ၁ (ခခ)မှာ နိုင်ငံတကာအလယ်၌ နိုင်ငံတော်ရဲ့ ဂုဏ်သိက္ခာကို အားကစားနည်းဖြင့် မြှင့်တင်နိုင်မည့် ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၊ ထူးချွန်လူရည်ချွန်များ မွေးထုတ်ရေးလို့ ဖော်ပြထားသလို လုပ်ငန်းစဉ်မှာလည်း အပိုဒ် ၃(ခခ) မှာ နယ်မြေအနှံ့ လူငယ်မျိုးဆက်သစ်အားကစားသမားများ ရှာဖွေ ရွေးချယ်ဖော်ထုတ်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်မည်။ အပိုဒ် (ငင)မှာလည်း အားကစားကွင်း၊ အားကစားရုံများ ပြုပြင်ထိန်းသိမ်းရေးနဲ့ တိုးချဲ့တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မည်။ အပိုဒ်(ဈဈ) မှာလည်း ဒေသအလိုက် အားကစားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်မည်လို့ အတိအလင်း ဖော်ပြထားပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အားကစားဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်စေဖို့ လုပ်ငန်းဆောင်ရွက်ရန် ရန်ပုံငွေ အဆိုပြုတင်ပြထားရာမှာ ဆောင်ရွက်ဆဲလုပ်ငန်းစီမံကိန်းမှာ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစား တက္ကသိုလ် တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကျပ်သန်းပေါင်း(၃၅၀၀)တင်ပြတောင်းဆိုထားတာကို အားရဖွယ်ရာတွေ့ရှိရပြီး များစွာဂုဏ်ယူမိပါတယ်။ ဒါ့အပြင် မွန်ပြည်နယ်၊ မော်လမြိုင် အားကစားသိပ္ပံကျောင်း မီးသွယ်တန်းခြင်းလုပ်ငန်းအတွက် ရန်ပုံငွေကျပ်သန်း (၃၈.၁၈၈)သန်း၊ ရှမ်းပြည်နယ်၊ တောင်ကြီး အားကစားသိပ္ပံကျောင်းအတွက် စားရိပ်သာ ကြွေပြားခင်းခြင်းလုပ်ငန်းအတွက် ရန်ပုံငွေ ကျပ်သန်း(၁၀.၁၀၆)သန်း အဆိုပြုတင်ပြထားတာကို တွေ့ရှိရပါတယ်။

အခြားဖြည့်စွက်လုပ်ငန်းမှာလည်း ကျပ်သန်းပေါင်း(၁၀၅၆.၃၅၃)သန်း အဆိုပြု တင်ပြထားပြီး အားကစားကဏ္ဍအတွက် စုစုပေါင်း ရန်ပုံငွေကျပ်သန်း (၄၆၀၄.၇၀၁) သန်း အဆိုပြုတင်ပြထားတာတွေ့ရှိရတော့ နိုင်ငံတော်ဟာ အားကစားကဏ္ဍကို အားပေးမြှင့်တင်ဆောင်ရွက်နေပြီဆိုတာကို ဝမ်းသာဂုဏ်ယူစွာ ကြိုဆိုထောက်ခံအပ်ပါတယ်။ အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသော ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များကိုလည်း အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုပါတယ်။ ဒါပေမယ့်လည်း တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ အားကစားသိပ္ပံကျောင်း အသစ်တွေ တိုးချဲ့ဖွင့်လှစ်ဖို့ ရန်ပုံငွေ တင်ပြတောင်းခံထားတာ မတွေ့ရတော့ များစွာပဲ စိတ်မကောင်း ဖြစ်ရပါတယ်။ နိုင်ငံတော် ဂုဏ်ကျက်သရေဆောင် နေပြည်တော်ကြီးမှာ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် များစွာ ရင်းနှီးမြှုပ်နှံ တည်ဆောက်နေတာကို ကျွန်တော်တို့ များစွာပဲ ကြိုဆိုထောက်ခံပါတယ်၊ ဂုဏ်လဲယူပါတယ်။

ဒါပေမဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေကိုလည်း နှစ်တို၊ နှစ်ရှည်စီမံကိန်းတွေ ချမှတ်ပြီး ဆောင်ရွက်ပေးပါလို့ အလေးအနက် တင်ပြအပ်ပါတယ်။ နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေအပေါ်မှာ

မူတည်ပြီး ဆောင်ရွက်ရတာကို ကျွန်တော်တို့ နားလည်သဘောပေါက်ပါတယ်။ ဒါပေမယ့်လည်း အမျိုးသားစီမံကိန်းမှာ ရည်ရွယ်ချက်တွေ ထည့်သွင်းရေးဆွဲထားရှိတဲ့အတိုင်း တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ ဒေသအလိုက် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် မဖြစ်မနေ ဆောင်ရွက်ပေးမယ်လို့ လေးစားယုံကြည်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအခါ နိုင်ငံတော်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်တို့မှာ အားကစားသိပ္ပံကျောင်းတွေ ဖွင့်လှစ်ပြီး ထူးချွန်ထက်မြက်တဲ့ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားတွေ မွေးထုတ်ပေးလျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာဆိုရင် အခြေခံပညာအထက်တန်းဖြစ်တဲ့ (၈)တန်း၊ (၉)တန်း၊ (၁၀)တန်း ကျောင်းသူ/ကျောင်းသားများကို သင်တန်းသားအဖြစ် ခေါ်ယူရာမှာ သတ်မှတ်အရည်အချင်းများဖြစ်တဲ့ အသက်(၁၃)နှစ်မှ အသက်(၁၆)နှစ်ထိ လူငယ်များ၊ အရပ်အမောင်းကောင်းပြီး ကျန်းမာကြံ့ခိုင်သူများ ဖြစ်ရမယ်ဆိုတဲ့ အရည်အချင်းနဲ့ပြည့်စုံပြီး ပညာအရည်အချင်း စစ်ဆေးခြင်း၊ ကြံ့ခိုင်စွမ်းရည် စစ်ဆေးခြင်း အောင်မြင်သူများကို သက်ဆိုင်ရာအားကစား အသီးသီးအလိုက် လေ့ကျင့်သင်ကြားပေးပြီး ဘွဲ့ရသည်အထိ နိုင်ငံတော်မှ အကုန်အကျခံပြီး ပညာသင်ကြားပေးမယ့်အပြင် အားကစားဝန်ကြီးဌာနမှ နည်းစနစ်မှူး၊ ဦးစီးအရာရှိ စတဲ့ ရာထူးနေရာများမှာ အားကစားအရည် အချင်းပေါ်မူတည်ပြီး ခန့်အပ်တာဝန်ပေးသွားမှာဖြစ်တဲ့အကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါအင်မတန်ကောင်းမွန်တဲ့ စီမံကိန်း၊ စီမံချက်တွေဖြစ်ပါတယ်။ နိုင်ငံနဲ့အဝှမ်း တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ အားကစားသိပ္ပံကျောင်းတွေ ဖွင့်လှစ်ပြီး အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့မယ်ဆိုရင် နိုင်ငံတော်ရဲ့ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အထောက်အပံ့ကောင်းတွေ များစွာ ရရှိစေမှာဖြစ်တဲ့အပြင် အနာဂတ်နိုင်ငံ့ခေါင်းဆောင်ကောင်းတွေဖြစ်ကြတဲ့ လူငယ်လူရွယ်များ ကာယ၊ ဉာဏ စွမ်းရည်မြင့်မားကာ ထူးချွန်ထက်မြက်ပြီး အမျိုးသားရေးစိတ်ဓာတ်အပြည့်အဝနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို ဆောင်ရွက်ရာမှာ များစွာ အထောက်အကူပြုမယ့်အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးမှာရှိကြတဲ့ တိုင်းရင်းသားလူငယ်များ စည်းလုံးညီညွတ်စေတဲ့ ရလာဒ်ကောင်းတွေကို ရရှိပြီး နိုင်ငံတော်အတွက် လူ့စွမ်းအား အရင်းအမြစ်တွေ များစွာဖွံ့ဖြိုးတိုးတက်နိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်ရင်းနဲ့ ဦးခက်ထိန်နန် ရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၄၅။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီးတော့ အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၅။**

**ဦးဇော်ဝင်း (ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဇော်ဝင်းဖြစ်ပြီးတော့ တင်သွင်းသွားတဲ့အဆိုနဲ့ပတ်သက်ပြီးတော့ အားကစားဝန်ကြီးဌာနကိုယ်စား ရှင်းလင်းပြောကြားသွားမှာဖြစ်ပါတယ်။ ဒီအဆိုကို ဦးခက်ထိန်နန် မှ ကချင်ပြည်နယ်၊

မြစ်ကြီးနားမြို့မှာ အားကစားသိပ္ပံဖွင့်လှစ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် ခုနက ကျွန်တော်တို့ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်တို့မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများကလည်းပဲ မြန်မာနိုင်ငံ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို ကိုယ်ရော၊ စိတ်ပါ တက်ကြွစွာနဲ့ ပါဝင်ဆွေးနွေးသွားတာကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အားကစားဝန်ကြီးဌာနအနေနဲ့ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးကိုမူတည်တဲ့ Must Post နဲ့ ထူးချွန်ထက်မြက်တဲ့ အားကစားသမား ကောင်းများပေါ်ထွက်ရေး Excellent Post ကို ဦးတည်ချက်ထားပြီးတော့ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အားကစားဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို အားလုံးဆောင်ရွက်လျက်ရှိတာ အသိပဲ ဖြစ်ပါတယ်။ မြန်မာ့အားကစား လောကဖွံ့ဖြိုးတိုးတက်အောင်မြင်မှု ရရှိဖို့ဆိုတာဟာ အခြေခံ အရင်းအမြစ်ဖြစ်တဲ့ လူငယ်အားကစားသမားများ၊ ထူးချွန်ထက်မြက်တဲ့ အားကစားသမားများကို ပြုစုပျိုးထောင်ရေး လုပ်ငန်းဟာ အဓိကကျတဲ့ လုပ်ငန်းတစ်ခုဖြစ်ကြောင်း ခံယူပါတယ်။

ဒါကြောင့် အားကစားနှင့် ပညာရေးပေါင်းစပ်၊ အားကစားနှင့်ပညာ၊ ကာယပညာသိပ္ပံကျောင်း များကိုလည်းပဲ မူလရှိပြီးတဲ့ မန္တလေး-ရန်ကုန်ကို အခြေခံပြီးတော့ ပြီးခဲ့တဲ့ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်၊ တောင်ကြီးနဲ့ မွန်ပြည်နယ်၊ မော်လမြိုင်တို့မှာ ၂၀၁၄-၂၀၁၅ ပညာသင် နှစ်မှစပြီးတော့ ဖွင့်လှစ်ရာမှာ သိပ္ပံကျောင်းတစ်ခုကို လူငယ်ကျောင်းသားပေါင်း (၁၅၀)ကျော်နဲ့ ဖွင့်လှစ်ပြီးတော့ အားကစားနဲ့ စာပေပညာများ ဆက်လက်သင်ကြားလျက်ရှိကြောင်း တင်ပြလိုပါတယ်။ ဒီလုပ်ငန်းဟာလည်းပဲ ကျွန်တော် ဒီမှာ အလျဉ်းသင့်လို့ တင်ပြလိုတာကတော့ ဘဏ္ဍာရေးနှစ်များအလိုက် ကို အားကစားလှုပ်ရှားမှု မြင့်မားပြီးတော့ လူဦးရေ အထိုက်အလျောက်များတဲ့ ဦးစားပေးတဲ့ တိုင်းနှင့် ပြည်နယ်များမှာ ကျွန်တော်တို့ စဉ်းစားပါတယ်။

အားကစားနှင့်ပညာရေး ပေါင်းစပ်ပြီးတော့ အားကစားနှင့်ပညာရေးသိပ္ပံကျောင်း များကို ဆက်လက်ဖွင့်လှစ်နိုင်ရေးအတွက်ကိုလည်း အစိုးရအဖွဲ့ကို တင်ပြပြီးတော့ ကျွန်တော်တို့ဆောင် ရွက်နေတာဖြစ်ပါတယ်။ ယခု ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့မှာ အားကစားနဲ့ကာယသိပ္ပံကျောင်းတစ် ကျောင်းဖွင့်လှစ်နိုင်ရေး အဆို အတွက်လည်းပဲ ကျွန်တော့်အနေနဲ့ရှင်းလင်းတင်ပြလိုတာကတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ အားကစားဝန်ကြီးဌာနရဲ့ ပြည်ထောင်စုဘတ်ဂျက် ငွေလုံးငွေရင်း အသုံးစရိတ် မှာ ကျန်တိုင်းနဲ့ပြည်နယ်များကို အားကစားနဲ့ကာယပညာသိပ္ပံကျောင်းများ တည်ဆောက်ဖွင့်လှစ်ရေး အတွက် ဘတ်ဂျက်ရဲ့ စိစစ်ချက်အရ ထည့်သွင်းလျာထားနိုင်ခဲ့ခြင်း မရှိပါကြောင်းနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ထဲမှာ ကချင်ပြည်နယ်ရဲ့ အားကစားနဲ့ ကာယပညာဦးစီးဌာနကနေမှ ငွေလုံးငွေရင်း အသုံးစရိတ်ဘတ်ဂျက်မှာ တင်ပြတောင်းခံပေးခဲ့ပါတယ်။

သို့ရာတွင် ဘတ်ဂျက်ရဲ့စိစစ်ချက်အရ ကချင်ပြည်နယ်၊ အားကစားနှင့်ကာယပညာ ဦးစီး ဌာနရဲ့အားကစားကွင်းနဲ့ အားကစားရုံ ပြုပြင်တည်ဆောက်ရေးလုပ်ငန်း(၁၁)ခုအတွက်ကို ငွေလုံးငွေရင်း ကျပ်သန်း(၁၀၈)သာ ခွင့်ပြုချက် ရရှိခဲ့ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ သို့ရာတွင် ဒီအားကစားနဲ့ ကာယပညာသိပ္ပံကျောင်းများ တည်ဆောက်ရေးခွင့်ပြုငွေ၊ ရန်ပုံငွေများမပါရှိတဲ့ အတွက်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ထဲမှာ ကျွန်တော်တို့ ကချင်ပြည်နယ်နဲ့ မြစ်ကြီးနားမြို့မှာ အားကစားသိပ္ပံကျောင်းကို

ဖွင့်လှစ်နိုင်ဖို့ အစီအစဉ်မရှိသေးပါကြောင်းနဲ့ ကျွန်တော်တို့ရဲ့ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အကြံပြုသွားတဲ့အတိုင်း အားကစားနဲ့ပညာပေါင်းစပ်ရေး၊ အားကစား မြှင့်တင်ရေးလုပ်ငန်းများ၊ အားကစားသိပ္ပံ ဖွင့်လှစ်ရေးနဲ့ ပြည်နယ်/တိုင်းဒေသအသီးသီးမှာ ယခု ကျွန်တော်တို့ တင်ပြထားတဲ့ Township Full Development Plan နဲ့ပတ်သက်ပြီးတော့ မြို့နယ် (၃၀၀)မှာ ပထမဦးစားပေးမြို့နယ်(၅၀)မှာ ဒီ အားကစားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင် အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်များရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။

**အချိန်၊ ၁၃း၄၉။**

**ဥက္ကဋ္ဌ။** ။ ဦးခက်ထိန်နန် အနေနဲ့ ဘယ်ဘတ်ဂျက်မှ မပါဘူးဆိုတာ ဘတ်ဂျက်က နောက်ဆုံးနှစ် ဖြစ်နေတာကိုတော့ နားလည်ဖို့လိုတာပေါ့နော်။ ဒါ ဒီအဆို ဆုံးဖြတ်လိုက်ရင်လည်း အကြွေး ကျန်သွားမယ့်သဘောပဲရှိတယ်။ ဘတ်ဂျက်မှာ မပါဘူးဆိုတော့ ဘယ်လိုမှ လုပ်လို့မရဘူး။ ဘတ်ဂျက်က နောက်ဆုံးနှစ်ဖြစ်နေပြီ။ ဟုတ်ပြီနော်။

**အချိန်၊ ၁၃း၄၉။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီနေ့ နိုင်ငံတော်ကနေပြီးတော့ ပညာရေး၊ ကျန်းမာရေး၊ အားကစားကဏ္ဍ တွေမှာ အထူးအလေးထားပြီးတော့ ဆောင်ရွက်တဲ့ အချိန်အခါဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ပြည်နယ်ရဲ့ အခြေအနေအရပ်ရပ်ကို ခြုံငုံသုံးသပ်တဲ့အခါမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ မှာလည်းပဲ အားကစားသိပ္ပံကျောင်းဖွင့်လှစ်ဖို့ရန် အမှန်တကယ်လိုအပ်ပြီးတော့ အရေးလည်းကြီးနေတဲ့ အနေအထားဖြစ်တာကို တွေ့ရှိရပါတယ်။ ဆိုတော့ ကျွန်တော့်အနေနဲ့ ဒီကျွန်တော်တို့ရဲ့ လွှတ်တော်၊ ကျွန်တော်တို့ရဲ့ အစိုးရတို့ဟာ နိုင်ငံအတွက် တိုင်းနှင့် ပြည်နယ်တွေအတွက် အရေးကြီးတဲ့ ကိစ္စရပ်များကို ဆက်လက် လက်ဆင့်ကမ်းပြီးတော့ အကောင်အထည် ဖော်သွားကြရမှာဖြစ်တဲ့အတွက်ကြောင့် ဒီလာမယ့် ဘတ်ဂျက်နှစ်မှာ ထည့်သွင်းပေးနိုင်ဖို့ရန်အတွက် ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ မှတ်တမ်းတင် ပေးနိုင်ဖို့ရန်အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေတ္တာရပ်ခံတင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၃း၅၀။**

**ဥက္ကဋ္ဌ။** ။ မှတ်တမ်းတင်တာတော့ တင်ပေးပါ့မယ်။ သို့သော်လည်း နောက်ဘတ်ဂျက်က တော့ နောက်လွှတ်တော်နဲ့ နောက်အစိုးရ ဖြစ်သွားပြီဆိုတော့ မှတ်တမ်းတင်တာပဲ အဖတ်တင်မယ့် သဘောတော့ရှိတာပေါ့နော်။ ဟုတ်တယ်မို့လား။ မူလအဆိုရှင်ရဲ့ တင်ပြချက်အရ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန် တင်သွင်းတဲ့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် အားကစား သိပ္ပံကျောင်း ဖွင့်လှစ်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အမျိုးသား လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

ဒါကြောင့်မိုလို့ မေးခွန်းတွေမေးတဲ့အခါ အဆိုတွေ တင်တဲ့အခါမှာ ဘတ်ဂျက်နှစ်က နောက်ဆုံး၊ နောက်ဆုံး ဘတ်ဂျက်ကလည်း လက်ထဲရောက်နေပြီဆိုတာနဲ့ သတိထားကြဖို့ပဲ။

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၃း၅၂ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၄း၁၃ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၁၃။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းများ ရေးရာကော်မတီ၏ ၂၀၁၄-၂၀၁၅ ခုနှစ် တတိယသုံးလပတ်ကုန် အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၄း၁၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းများ ရေးရာကော်မတီ၏ ၂၀၁၄-၂၀၁၅ ခုနှစ် တတိယသုံး လပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ကော်မတီက လွှတ်တော်သို့ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၁၅။**

**ဗိုလ်မှူးမောင်မောင် (အဖွဲ့ဝင်၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ၏ ၂၀၁၄-၂၀၁၅ ခုနှစ် တတိယသုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အသေးစိတ်အစီရင်ခံစာကို အကျဉ်းချုပ် အစီရင်ခံစာနှင့်အတူ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါ၍ နှစ်ချုပ် အစီရင်ခံစာကို အပိုင်းနှစ်ပိုင်း ပိုင်းပြီး ပထမပိုင်းကို တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ပြန်တမ်းဝင်အမှတ် ကြည်း ၃၁၇၇၆ ဗိုလ်မှူးမောင်မောင်မှ ဖတ်ကြားတင်ပြပါ့မယ်ခင်ဗျာ။ နိဒါန်းနှင့် အစည်းအဝေး ကျင်းပခြင်းတို့အား အချိန်ကိုငဲ့ညှာသောအားဖြင့် ဖတ်ကြားတင်ပြခြင်း မပြု တော့ပါ ခင်ဗျား။

ဖွံ့ဖြိုးမှုစီမံကိန်းများသို့ လေ့လာရေးခရီးသွားရောက်ခြင်း

၁။ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၇) ဦး၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၇) ဦးတို့ ဟာ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်နေ့မှ (၂၆) ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) သို့ သွားရောက်၍ ဆောင်ရွက်ပြီး/ ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်းများကို လေ့လာခဲ့ကြပါတယ်။

မန္တလေးတိုင်းဒေသကြီး

(က) လယ်ယာကဏ္ဍ။ ။ မန္တလေးတိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍနှင့် ဆက်စပ်တင်ပြသွားပါမည်။

(၁) စိုက်ပျိုးနိုင်သောမြေဧရိယာ (၄၃.၅၈)ရာခိုင်နှုန်း ဖြစ်၍ သီးနှံစိုက်စွမ်း အား (၁၆၅.၁၄)ရာခိုင်နှုန်း ရှိကြောင်း ဖော်ပြထားပါသည်။

(၂) ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် အဓိကသီးနှံ စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားချက်၏ (၁၆.၄၁)ရာခိုင်နှုန်းသာ စိုက်ပျိုးနိုင်ခဲ့၍ နည်းပါးကြောင်း တွေ့ရှိ ရပါသည်။

(၃) ဝမ်းစာဖူလုံမှုမှာ (၆၃.၁၆)ရာခိုင်နှုန်း၊ ဆီဖူလုံမှုမှာ (၁၈၁.၀၈) ရာခိုင်နှုန်း၊ ပဲမျိုးစုံ ဖူလုံမှု (၄၉၄.၅၁)ရာခိုင်နှုန်း အသီးသီးရှိကြောင်း တွေ့ရှိရပါသည်။

(၄) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ဘဏ်ခွဲအနေဖြင့် ၂၀၁၁ - ၂၀၁၂ မှ ၂၀၁၄ - ၂၀၁၅ ခုနှစ် အထိ (၄) နှစ်အတွင်း စိုက်ပျိုးစရိတ် ထုတ်ချေးငွေစုစုပေါင်းမှာ ကျပ် (၂၄၄,၃၀၀) သန်းခန့်ဖြစ်ပါတယ်။

(၅) ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားသော ဆည်/ ကန် (၂,၄၂၉) ခု အကျိုးပြုဧရိယာ (၇၂၅,၀၀၀) ဧကခန့် ဖော်ပြထားရာ စိစစ်ပြီးနောက် မူလထက် (၂၈.၃၃ )ရာခိုင်နှုန်း လျော့နည်းသွားကြောင်း တွေ့ရှိရ ပါတယ်။

(၆) ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ပြည်ထောင်စုနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ သာမန်အသုံးစရိတ် ကျပ် (၁၃,၂၄၉) သန်းခန့်၊ ငွေလုံးငွေရင်းကျပ် (၂၁,၅၉၇) သန်းခန့်ဖြင့် လုပ်ငန်းပေါင်း (၉၆၉) ခု ဆောင်ရွက်ခဲ့ပါတယ်။

(၇) မြစ်ရေတင်လုပ်ငန်း (၇၂) ခု၊ မူလ အကျိုးပြုဧရိယာ (၁၁၄,၅၀၀) ဧကခန့် ပြန်လည်စိစစ်ခဲ့ရာတွင် (၃၉.၄၃)ရာခိုင်နှုန်း လျော့နည်းနေကြောင်း တွေ့ရှိရပါသည်။

( ခ ) လျှပ်စစ်ကဏ္ဍ (မန္တလေးတိုင်းဒေသကြီး)

(၁) ၂၃-၁၀-၂၀၁၄ ရက်နေ့တွင် ရဲရွာရေအားလျှပ်စစ်စက်ရုံ (၇၉၀ မဂ္ဂါဝပ်) သို့ ရောက်ရှိလေ့လာခဲ့ကြပါသည်။ စက်စတင်လည်ပတ်ချိန် မှ (၆) နှစ်အတွင်း ကီလိုဝပ် နာရီသန်းပေါင်း (၁၁,၂၀၀) ကို တစ်ယူနစ်လျှင် ကျပ် (၂၀/-) နှုန်းဖြင့် ရောင်းချခဲ့ရာ ကျပ် (၂၂၄,၀၀၀) သန်းခန့်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

(၂) ရဲရွာ RCC Dam ၏ အောက်ဖက် (၁၀) မိုင်ခန့်အကွာ မြစ်ငယ် မြစ်ပေါ်တွင် စက်တပ်ဆင်အင်အား (၄၀) မှ (၆၀) မဂ္ဂါဝပ်အထိထွက်ရှိသည့် ဒီးဒုတ်ရေအား

လျှပ်စစ်စီမံကိန်းသို့ ရောက်ရှိလေ့လာခဲ့ပါတယ်။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် ဩစတြီးယားနိုင်ငံမှ Andritz Hydro တို့မှ ပူးပေါင်း ဆောင်ရွက်ရန် ညှိနှိုင်းထားပြီး ဟု သိရှိရပါတယ်။

(၃) ၂၅-၁၀-၂၀၁၄ ရက်နေ့တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မှ ၂၀၁၁ - ၂၀၁၂ မှ ၂၀၁၄ - ၂၀၁၅ ခုနှစ်အထိ ရောင်းချယူနစ်ပေါင်းမှာ ပျမ်းမျှ (၁၀၂) ရာခိုင်နှုန်း ၊ တောင်းခံငွေ ပျမ်းမျှ (၉၆.၃) ရာခိုင်နှုန်း ၊ ခရိုင် (၇) ခုတွင် ဓာတ်အားပျောက်ဆုံးမှုမှာ ပျမ်းမျှ (၁၂.၇)ရာခိုင်နှုန်း အသီးသီးရှိပြီး မီးသုံးစွဲမှု ရာခိုင်နှုန်းမှာ (၄၆.၇၁) ရာခိုင်နှုန်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

(၄) ၂၀၁၁ - ၂၀၁၂ မှ ၂၀၁၄ - ၂၀၁၅ ခုနှစ်အထိ ကျေးရွာများ မီးလင်းရေး ဆောင်ရွက်ထားမှုမှာ စုစုပေါင်း (၃,၀၀၈) ရွာဖြစ်ကြောင်း တွေ့ရှိရပါတယ်။

(ဂ) စက်မှုလက်မှုကဏ္ဍ

(၁) ၂၆-၁၀-၂၀၁၄ ရက်နေ့တွင် အမှတ်(၁) သံမဏိစက်ရုံ (မြင်းခြံ)သို့ သွားရောက် လေ့လာခဲ့ရာ မူလက မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း MEC နှင့် အီတလီနိုင်ငံ Danieli Co. တို့အကြား တစ်နှစ်လျှင် တန်(၂၀၀,၀၀၀)ကျ သံမဏိကုန်ချောပစ္စည်းများ ထုတ်လုပ်နိုင်မည့် ပထမအဆင့်စာချုပ်အရ ၃/၂၀၁၀ အတွင်း စက်ရုံ လည်ပတ်ခဲ့ပါတယ်။

(ဃ) ဆောက်လုပ်ရေးကဏ္ဍ

(၁) ၂၆-၁၀-၂၀၁၄ ရက်နေ့တွင် တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၄)မှ မြင်းခြံခရိုင်အတွင်းရှိ ချောင်းမချောင်း တံတား၊ ဆီမီးကန်ချောင်းတံတား နှင့် ကိုင်းချောင်းတံတား တည်ဆောက်မှုလုပ်ငန်းများသို့ ရောက်ရှိ လေ့လာခဲ့ ကြပါတယ်။ ၂၀၁၅ - ၂၀၁၆ ခုနှစ်မတိုင်မီ အားလုံးပြီးစီးရန် စီမံဆောင်ရွက် ထားကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

ရှမ်းပြည်နယ် (တောင်ပိုင်း) ဆက်လက်တင်ပြသွားပါမယ်။

(က) လယ်ယာကဏ္ဍ

မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း

(၁) မြို့ကြီးစီမံကိန်းသည် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်စေရေးနှင့် ဆည်ရေသောက် ဧရိယာ (၃၃,၀၀၀) ဧကကို ဆည်ရေပေးဝေ နိုင်မည့်အပြင် တပ်ဆင်စက်အင်အား (၃၀) မဂ္ဂါဝပ် ဖြစ်ပါတယ်။ စီမံကိန်း တစ်ခုလုံး၏ပြီးစီးမှု (Weighted Progress) မှာ (၈၂) ရာခိုင်နှုန်း ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လျှပ်စစ်ကဏ္ဍကို ဆက်လက်တင်ပြပါမယ်။

ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း

(၁) ၂၄-၁၀-၂၀၁၄ ရက်နေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ်အတွင်းရှိ ရွှေလီမြစ်ပေါ်တွင် တမံအမြင့် (၃၉၄) ပေရှိ RCC ကွန်ကရစ်တမံ တည်ဆောက်လျက် စက်တပ်ဆင်အင်အား (၁၀၅၀) မဂ္ဂါဝပ်ရှိ ရွှေလီ (၃) ရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိလေ့လာခဲ့ကြပါတယ်။ စီမံကိန်းတစ်ခုလုံး၏ တိုးတက်မှု (Weighted Progress) မှာလည်း (၉.၁၃)ရာခိုင်နှုန်း ဖြစ်၍ ၂၀၁၉ - ၂၀၂၀ ခုနှစ်အတွင်း ပြီးစီးရန် စီမံထားကြောင်း သိရှိရပါတယ်။

အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း

(၂) ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ်အတွင်း မြစ်ငယ်မြစ်ပေါ်တွင် တည်ဆောက်လျက်ရှိသည့် တမံအမြင့် (၃၁၈)ပေရှိ ကွန်ကရစ်တမံ စက်တပ်ဆင်အင်အား (၂၈၀) မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက်ရုံ ပါဝင်သော အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၏ အခြေအနေများကို ၂၅-၁၀-၂၀၁၅ ရက်နေ့ ပြင်ဦးလွင်မြို့တွင် ရှင်းလင်းတင်ပြခဲ့ပါတယ်။ စီမံကိန်းကို စီမံကိန်းတစ်ခုလုံးပြီးစီးမှု (Weighted Progress) မှာ (၂၀.၁)ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ပြီးစီးရန် လျာထားသော စီမံကိန်းဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီးနဲ့ပတ်သက်၍ ဆက်လက်တင်ပြပါမယ်။

၂။ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင် (၃) ဦးသည် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၂) ဦးတို့နှင့်အတူ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်မှ ၁၇ ရက်နေ့အထိ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်)နှင့် ရခိုင်ပြည်နယ်တို့သို့ သွားရောက်၍ ဆောင်ရွက်ပြီး/ ဆောင်ရွက်ဆဲ စီမံကိန်းများကို လေ့လာခဲ့ကြပါတယ်။ ကဏ္ဍအလိုက် တွေ့ရှိချက်များအား တင်ပြအပ်ပါတယ်။

မကွေးတိုင်းဒေသကြီး လယ်ယာကဏ္ဍနဲ့ပတ်သက်၍ ဆက်လက်တင်ပြပါမယ်။

(က) လယ်ယာကဏ္ဍ

(၁) စိုက်ပျိုးနိုင်သော မြေဧရိယာ (၂၆.၇၆ )ရာခိုင်နှုန်းရှိပြီး ၂၀၁၄ - ၂၀၁၅ ခုနှစ် အဓိကသီးနှံ (၈)မျိုး စုစုပေါင်း စိုက်ပျိုးနိုင်မှုမှာ (၇,၉၄၆,၅၀၀) ဧကခန့်ရှိကြောင်း တွေ့ရှိရ ပါသည်။

(၂) ၂၀၁၄ - ၂၀၁၅ ခုနှစ် ဆန်ဖူလုံမှု (၁၄၈.၅၇)ရာခိုင်နှုန်း၊ ဆီဖူလုံမှု (၆၇၂) ရာခိုင်နှုန်း၊ ပဲဖူလုံမှု (၁,၀၇၉) ရာခိုင်နှုန်း အသီးသီးရှိကြောင်းကို တွေ့ရှိရပါသည်။

(၃) ကျေးလက်စိုက်ပျိုးရေ၊ သောက်သုံးရေ ရရှိရေးနှင့် ဆက်စပ်လျက် ပြည်ထောင်စု လွှတ်တော်နာယက၏ (၅/၂၀၁၄ လ)ခရီးစဉ်တွင် ခရိုင်(၅) ခရိုင်အတွင်း ကျေးလက်နေ ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေး

နိုင်ရန်အတွက် လမ်းညွှန်ချက်အရ ကျပ်(၄,၁၂၁) သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ကြီးအုံ-ကြီးဝရေလှောင်တမံဘက်စုံစီမံကိန်း

(၄) ပွင့်ဖြူမြို့နယ်အတွင်း လက်ရှိ မုန်းချောင်းရေလှောင်တမံ၏ အောက်ဘက် (၁၅)မိုင်ခန့်အကွာ မုန်းချောင်းပေါ်တွင် တမံအမြင့် (၁၆၄)ပေရှိ ဇုန်အမျိုးအစား တမံကို စက်တပ်ဆင်အင်အား (၇၄)မဂ္ဂါဝပ်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့်အတူ တည်ဆောက်ထားပါသည်။ အဆိုပါ စီမံကိန်းကို ၂၀၀၂-၂၀၀၃ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပြီးစီးခဲ့သော စီမံကိန်းဖြစ်ပါတယ်။

မြစ်သာရေလှောင်တမံစီမံကိန်း

(၅) စီမံကိန်းကို ဂန့်ဂေါမြို့နယ်အတွင်း မြစ်သာမြစ်ပေါ်တွင် တမံအမြင့် (၂၀၅) ပေရှိ ကျောက်ဖြည့်တမံ တည်ဆောက်လျက် လယ်မြေဧရိယာ (၁၂,၀၀၀) ဧကကို ဆည်ရေ ပေးဝေနိုင်ရန် နှင့် စက်တပ်ဆင်အင်အား (၄၀)မဂ္ဂါဝပ်ရှိသော လျှပ်စစ်ဓာတ်အားပေး စက်ရုံတို့ ပါဝင်ပါတယ်။

(၆) စီမံကိန်းကြောင့် ရေမြုပ်ကျေးရွာ (၄) ရွာအား စံပြကွက်သစ်များ ဖော်ထုတ်ပေးခဲ့ရာ (၃၇၅)လုံး ပြီးစီးခဲ့ပါသည်။ ၂၀၁၅ - ၂၀၁၆ ခုနှစ်တွင် ပြီးစီးရန် လျာထားပါတယ်။

မြစ်ရေတင်စီမံကိန်းလုပ်ငန်းများ

(၇) မကွေးတိုင်းဒေသကြီးအတွင်း မြစ်ရေတင်စီမံကိန်းလုပ်ငန်းများ ၏ ခရိုင်အလိုက် မူလ သတ်မှတ်ရေ ပေးဝေနိုင်သည့် ဧရိယာမှာ (၉၂,၆၀၀) ဧကခန့်ရှိ၍ စိစစ်ပြီး လျော့နည်း ဧကမှာ (၁၂.၄၅) ရာခိုင်နှုန်း ဖြစ်ပါတယ်။ ၂၀၁၄ - ၂၀၁၅ ခုနှစ် ခရိုင်(၄)ခု၏ စုစုပေါင်း မိုးသီးနှံစိုက်ဧရိယာမှာ (၃၂,၀၀၀) ဧကခန့် ဖြစ်ပါတယ်။

စက်မှုလယ်ယာကဏ္ဍ

(၈) မကွေးတိုင်းဒေသကြီးအတွင်း စက်မှုလယ်ယာစခန်း(၈)ခုတွင် ထွန်စက်အမျိုးအစားပေါင်း (၅)မျိုး၊ စုစုပေါင်း (၁၆၈)စီးရှိ၍ (၁၁)စီးကိုသာ တောင်သူများသို့ ရောင်းချနိုင်ခဲ့ပြီး ၂၀၁၄ - ၂၀၁၅ ထွန်ယက်ပေးရန် (၃၂,၀၀၀) ဧကလျာထားခဲ့ရာ (၅၁.၃)ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိပါတယ်။

(ခ) လျှပ်စစ်ဓာတ်အားကဏ္ဍ

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း (မကွေးတိုင်းဒေသကြီး)

(၁) လျှပ်စစ်မီးသုံးစွဲနိုင်မှု (၂၁.၁၅)ရာခိုင်နှုန်းရှိ၍ ဓာတ်အား တစ်ယူနစ် ရောင်းချမှုမှာ ကျပ် (၉၀.၇၁) နှုန်း အသီးသီးဖြစ်ကြောင်း တွေ့ရှိရပါသည်။

(၂) ခရိုင်(၅)ခုတွင် ဓာတ်အားပျောက်ဆုံးမှု (ပျမ်းမျှ) (၁၉.၆၅)ရာခိုင်နှုန်း ဖြစ်ကြောင်း ဖော်ပြထားပါတယ်။

(၃) ခရိုင်(၅)ခုတွင် (၁၀/၂၀၁၄) လကုန်ထိ မီးလင်းပြီး ကျေးရွာပေါင်းမှာ (၃,၀၁၂) ရွာ၊ (၆၂.၈ )ရာခိုင်နှုန်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ပဲခူးတိုင်းဒေသကြီးနဲ့ပတ်သက်၍ ဆက်လက်တင်ပြသွားပါမယ်။

(က) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် သားငါးကဏ္ဍ

(၁) ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ကျေးလက်လမ်း စုစုပေါင်း (၇၁)မိုင်၊ ကွန်ကရစ်တံတား(၈)ခု၊ ရေပေးဝေရေးလုပ်ငန်း(၁၃၇)ခု အသီးသီး လုပ်ဆောင်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

(ခ) လယ်ယာကဏ္ဍ

(၁) စိုက်ပျိုး မြေဧရိယာ (၃,၂၆၁,၀၀၀) ဧကခန့် ရှိပါတယ်။ ၂၀၁၄- ၂၀၁၅ ခုနှစ် ခရိုင်(၄)ခုတွင် ၁၀/၂၀၁၄ လ အထိ မိုးစပါး စုစုပေါင်းစိုက်ပျိုး (၂၇၆,၀၀၀) ဧကခန့်၊ ပျမ်းမျှအထွက်နှုန်း (၇၉.၅) တင်းရှိကြောင်း တွေ့ရှိရပါတယ်။

(၂) ပဲခူးတိုင်း(အနောက်) ပြည်ခရိုင်၏ ဒေသဝမ်းစာစပါး ဖူလုံမှုမှာ (၂၂၀.၇၇) ရာခိုင်နှုန်းဖြစ်၍ ဆီဖူလုံမှုမှာ (၂၆၅.၇၅) ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါတယ်။

ဆည်မြောင်းစီမံကိန်းလုပ်ငန်းများ

(၃) ဆည်မြောင်းဦးစီးဌာန ရေလှောင်တမံ(၃၈)ခု၊ ရေလွှဲဆည်(၉)ခု၊ ရေထိန်းတံခါး (၉)ခု၊ စုစုပေါင်း(၅၄)ခု ထိန်းသိမ်းထားရှိကြောင်း တွေ့ရှိရပါတယ်။ ဆည်ရေပေးဝေမှု စနစ်တကျ စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။

တောင်နဝင်းရေလှောင်တမံစီမံကိန်း

(၄) ပေါက်ခေါင်းမြို့နယ်အတွင်း တမံအမြင့်(၁၄၁)ပေရှိ မြေသားရေလှောင်တမံတစ်ခုကို တောင်နဝင်းချောင်းပေါ်တွင် တည်ဆောက်၍ ပေါက်ခေါင်း/ ပြည်/ သဲကုန်းနှင့် ပေါင်းတည်မြို့နယ်များရှိ လယ်မြေဧရိယာ (၆၂,၅၀၀)ဧကကို ဆည်ရေပေးဝေနိုင်မည့် စီမံကိန်း ဖြစ်ပါတယ်။

တောင်ညိုရေလှောင်တမံစီမံကိန်း

(၅) နတ္တလင်းမြို့နယ်အတွင်း တောင်ညိုချောင်းပေါ်တွင် အမြင့်(၁၁၀)ပေရှိ မြေသား ရေလှောင်တမံတစ်ခုကို တည်ဆောက်၍ နတ္တလင်းနှင့် ဇီးကုန်းမြို့နယ်များရှိ လယ်မြေဧရိယာ (၅၀,၀၀၀) ဧကကို ဆည်ရေပေးဝေနိုင်ရန် ၁၉၉၅-၁၉၉၆ ခုနှစ်တွင် ပြီးစီးခဲ့သော စီမံကိန်း ဖြစ်ပါတယ်။ မိုးစပါးပျမ်းမျှ (၄၆,၄၅၀) ဧက၊ နွေစပါး (၇,၈၈၀)ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။

စက်မှုလယ်ယာကဏ္ဍ

(၆) ပဲခူးတိုင်းဒေသကြီး (အနောက်) ၏စက်မှုလယ်ယာဦးစီးဌာနမှ ဝင်ငွေရရှိမှုမှာ ၂၀၁၃ - ၂၀၁၄ ခုနှစ်တွင် ကျပ် (၁,၀၁၉) သန်း နှင့် ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် ကျပ် (၄၇၈) သန်း ဖြစ်ပါတယ်။

(ဂ) လျှပ်စစ်ဓာတ်အားကဏ္ဍ (ပဲခူးတိုင်းဒေသကြီး-အနောက်ပိုင်း)

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

(၁) ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ဓာတ်အားတစ်ယူနစ် ရောင်းဈေး (၉၇၊ ၈၀) ကျပ်ဖြစ်၍ ပြည်ခရိုင်နှင့် သာယာဝတီခရိုင် (၂)ခု ပျမ်းမျှဓာတ်အား ပျောက်ဆုံးမှုမှာ (၁၉.၂၈)ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါတယ်။

(၂) ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)တွင် ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ခုနှစ်အထိ စုစုပေါင်း (၇၃၉) ရွာ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

ဥသျှစ်ပင် ပင်မဓာတ်အားခွဲရုံ (ပန်းတောင်း)

(၃) ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပန်းတောင်းမြို့နယ်အတွင်း ဥသျှစ်ပင် ပင်မဓာတ်အားခွဲရုံ (၂၃၀/ ၆၆/ ၁၁ ကေဗွီ) (100 MVA) ကို ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ ကာကွယ်ရေးပစ္စည်းစက်ရုံများ၊ မြို့ရွာများအား လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးပေးနိုင်ရေးနှင့် ရခိုင်ပြည်နယ်သို့ မဟာဓာတ်အားလိုင်းဖြင့် ချိတ်ဆက်ပို့လွှတ်ဖြန့်ဖြူးနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်ထားပါကြောင်း တင်ပြရင်း အစီရင်ခံစာပထမပိုင်းကို အဆုံးသတ်ပါကြောင်း တင်ပြအပ်ပါတယ်။ အစီရင်ခံစာ၏ ဒုတိယပိုင်းကို မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁) မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီမြင့် က ဆက်လက် ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၂၇။**

**ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ ရှိသေလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ အစီရင်ခံစာရဲ့ ဒုတိယပိုင်းကို ကျွန်မ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာ ကော်မတီ အတွင်းရေးမှူး ကျွန်မ ဒေါ်ရီရီမြင့် က ကော်မတီရဲ့ကိုယ်စား ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

သူဌေးချောင်း ရေအားလျှပ်စစ်စီမံကိန်း (လျှပ်စစ်ဓာတ်အားကဏ္ဍ)

(၁) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်အတွင်း သူငွေးချောင်းပေါ်တွင် တမံအမြင့် (၂၉၈) ပေရှိ ဇုန်အမျိုးအစား ကျောက်ဖြည့်တမံတစ်ခုဖြစ်ပြီး စက်တပ်ဆင်အင်အား (၁၁၁) မဂ္ဂါဝပ် ရှိ စီမံကိန်း တစ်ခု ဖြစ်ပါတယ်။ ၎င်းစီမံကိန်းကို ၂၀၀၅ - ၂၀၀၆ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၀၈-၂၀၀၉ ခုနှစ်တွင်ပြီးစီးရန် စီမံဆောင်ရွက်ထားရှိပါတယ်။ စီမံကိန်း တစ်ခုလုံး ပြီးစီးမှု (Weighted Progress) မှာ (၃၆.၃၇)ရာခိုင်နှုန်းဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကဏ္ဍ

(၁) မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချသက်သာစေရေး အထောက်အကူပြု ဘက်ပေါင်းစုံ လေ့လာမှုစစ်တမ်းကို ၂၀၀၉ - ၂၀၁၀ ခုနှစ်တွင် ခရိုင်ပေါင်း (၆၂)၊ မြို့နယ်ပေါင်း (၁၁၆) တို့၏ အိမ်ထောင်စုစစ်တမ်းများကို ကောက်ယူခဲ့ပြီးဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ဆောင်ရွက်မည့် လုပ်ငန်းနယ်ပယ်(၈)ရပ် သတ်မှတ်ထားရှိကြောင်း တွေ့ရှိရပါတယ်။ အချိန်ကို ငဲ့ညာ သောအားဖြင့် အသေးစိတ်ကို ဖတ်ကြားခြင်း မပြုတော့ပါ။

မကွေးတိုင်းဒေသကြီး

(၂) မကွေးတိုင်းဒေသကြီး၏ ဆင်းရဲနွမ်းပါးမှု အချိုးမှာ (၂၇)ရာခိုင်နှုန်း ဖြစ်၍ ပြည်ထောင်စု၏ ဆင်းရဲနွမ်းပါး ဖြစ်ပေါ်မှုတွင် (၈.၉) ရာခိုင်နှုန်း ဖြစ်ပါတယ်။

ပြည်ခရိုင်

(၃) ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း ပြည်ခရိုင်အတွင်း စီးပွားရေးချို့တဲ့ဆင်းရဲနွမ်းပါးသူ လူဦးရေအပေါ် စာရင်းကောက်ယူရရှိခဲ့ရာ ဆင်းရဲမှုနှုန်း(၁၆.၇၄)ရာခိုင်နှုန်းရှိကြောင်း ဖော်ပြထားရှိပါတယ်။

(မန္တလေးတိုင်းဒေသကြီး) တောင်သာမြို့နယ်/ ကျောက်ပန်းတောင်းမြို့နယ်

(၄) တောင်သာမြို့နယ်၏ ဆင်းရဲနွမ်းပါးမှုနှုန်းမှာ (၂၆.၅ ) ရာခိုင်နှုန်း ရှိ၍ လျှော့ချရန် သတ်မှတ်ချက်မှာ (၁၆.၅) ရာခိုင်နှုန်း နှင့် ကျောက်ပန်းတောင်းမြို့နယ်၏ လက်ရှိ ဆင်းရဲမှုနှုန်းမှာ (၂၆ ) ရာခိုင်နှုန်း ရှိ၍ လျှော့ချရန် သတ်မှတ်ချက်မှာ (၁၆) ရာခိုင်နှုန်း အသီးသီးရှိကြောင်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။

ခြုံငုံသုံးသပ်ချက်များ

၃။ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းရေးရာကော်မတီအဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း/မြောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) နှင့် ရခိုင်ပြည်နယ်သို့ ဆောင်ရွက်ပြီး/ ဆောင်ရွက်ဆဲ စီမံကိန်းများကို သွားရောက် လေ့လာတွေ့ရှိချက်များအပေါ် အောက်ပါအတိုင်း လေ့လာသုံးသပ်ခြုံငုံ တင်ပြအပ်ပါတယ် -

(က) လယ်ယာကဏ္ဍ

(က-၁) လယ်ယာစာရင်းဇယား ကိန်းဂဏန်းများဖော်ပြရာတွင် ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုတည်းအောက်ရှိ လုပ်ငန်းဌာနများအကြား ကွဲပြားခြားနားမှုများ တွေ့ရှိနေရသဖြင့် ညှိနှိုင်းပြီး မှန်ကန်သော စာရင်းဇယားများပြုစုတင်ပြရန် လိုအပ်ပါတယ်။

(က-၂) ဆောင်ရွက်ပြီး ဆည်/ကန် (၁၂၀)ခု၏ စုစုပေါင်း ဆည်ကန်သောက် ဧရိယာများ မူလသတ်မှတ်ချက်ထက် (၂၃.၁၅)ရာနှုန်း လျော့နည်းခဲ့၍ ပြန်လည်စိစစ်အတည်ပြုချက်ရယူရန် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး တွင်တင်ပြခဲ့ရာ လက်ရှိအချိန်တွင် အဆိုပါ ဆည်/ကန် (၁၂၀) အနက် (၉၆) ခုအတွက် ထပ်မံစိစစ် ဖော်ပြချက်များအရ (၂၈.၃၃) ရာခိုင်နှုန်း ဖြစ်ပေါ်နေသဖြင့် ကိန်းဂဏန်းများ တည်ငြိမ်ရန် လိုအပ်ပါတယ်။

(က-၃) ရေခွန်နှင့် တာတမံခွန်များ ကောက်ခံရရှိမှုကို ဖော်ပြနိုင်ခြင်းမရှိ၍ အလေးဂရုပြု ဆောင်ရွက်သင့်ပါတယ်။

(က-၄) မြစ်ရေတင်စီမံကိန်းလုပ်ငန်းများသည် မူလသတ်မှတ်ထားသည့် ရေပေးဝေနိုင်သည့် ဧရိယာ၏ (၂၅)ရာခိုင်နှုန်းခန့်အောက်တွင်သာ ရေပေးဝေနိုင်၍ လည်းကောင်း၊ တစ်ဧက ကုန်ကျစရိတ် များပြားနေသဖြင့် တောင်သူများ စိတ်ဝင်စားမှုမရှိသည်ကို ပြန်လည် လေ့လာသုံးသပ်သင့်ပါတယ်။

(က-၅) ဆည်မြောင်းစီမံကိန်းများဖြစ်သည့် ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ မြို့ကြီး ရေလှောင်တမံ ဘက်စုံစီမံကိန်း ပြီးစီးမှု (၈၂)ရာခိုင်နှုန်း၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ရှိ မြစ်သာ ရေလှောင်တမံ ဘက်စုံစီမံကိန်း ပြီးစီးမှု (၆၅)ရာခိုင်နှုန်းတို့သည် ဝေးလံခေါင်ဖျား၍ သွားလာရေးခက်ခဲသည့် ဒေသများတွင် နှစ်စဉ် ရရှိရန်ပုံငွေ အခက်အခဲကြောင့် လိုအပ်ချက်များကို အဖက်ဖက်မှ ဖြည့်ဆည်းပေးသင့်ပါတယ်။

(ခ) လျှပ်စစ်ဓာတ်အားကဏ္ဍ

(ခ-၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးပေးရာတွင် ရေလှောင်ကန်အလိုက် နှစ်စဉ် စီးဝင်ရေ၊ သိုလှောင်ရေတို့ကို ရေလှောင်ကန်တစ်ခုချင်း အလိုက်၊ လအလိုက် စနစ်တကျ ကန်တွင်း သိုလှောင်ရေ အသုံးချမှု (Reservoir Operation) ပြုလုပ်လျက် တာဘိုင်စက်များကို မောင်းနှင် လည်ပတ်သင့်ပါတယ်။

(ခ-၂) နိုင်ငံတော်ဓာတ်အားစနစ် ကွန်ရက် တိုးချဲ့တည်ဆောက်ခြင်း စသည့် ရှေ့သို့ချီ စီမံကိန်းများကို အချိန်ကာလ (၁) နှစ်မှ (၂) နှစ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရရှိနိုင်မည့် အခြေအနေပေါ် မူတည်၍ တည်ဆောက်သင့်ပြီး လက်ရှိ ရှိပြီးသား ဓာတ်အားစနစ် ပိုမို တိုးတက်ကောင်းမွန်စေမည့် အစီအမံ (System Improvement) များကို ဆောင်ရွက်သင့်ပါတယ်။

(ခ-၃) နိုင်ငံပိုင် ရေအားလျှပ်စစ်စက်ရုံများမှ မိုးရာသီ ဓာတ်အားဖြန့်ဖြူးနိုင်မှုကို လျှော့ချခြင်း/ ရပ်တန့်ခြင်းတို့ ပြုလုပ်၍ ပုဂ္ဂလိက/ ကုမ္ပဏီပိုင်စက်ရုံများမှ ဓာတ်အားဝယ်ယူခြင်းများကို ရှောင်ကြဉ်သင့်ပါတယ်။

(ခ-၄) နိုင်ငံတော်၏ ချမှတ်ထားသော မူဝါဒအရ ကျေးလက်ဒေသ မီးလင်းရေး စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်၊ အရေအတွက် အရသာမဖြစ်သင့်ဘဲ အရည်အသွေးအရ ကျေးလက်နေပြည်သူများ လက်ခံ နိုင်သည့် အဆင့်အထိ ဆောင် ရွက်သင့်ပါတယ်။

(ခ-၅) ဆောင်ရွက်ဆဲ ရွှေလီ(၃)စီမံကိန်း (၁,၀၅၀ မဂ္ဂါဝပ်) (မိုးမိတ်) နှင့် အထက် ရဲရွာစီမံကိန်း (၂၈၀ မဂ္ဂါဝပ်) (ကျောက်မဲ) တို့တွင် နိုင်ငံခြားအတိုင်ပင်ခံ အဖွဲ့များကို နိုင်ငံပိုင် နိုင်ငံခြားသုံးငွေ (Free FE) များဖြင့် ငှားရမ်း ဆောင်ရွက်လျက်ရှိနေခြင်းတို့ကြောင့် အဆိုပါ ပညာရှင်များ၏ပါဝင်မှုကို ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် နှစ်စဉ် လိုအပ်ရန်ပုံငွေများ ကို ခွင့်ပြုချထားပေးနိုင်ရန် လိုအပ်ပါတယ်။ အလားတူပင် သူငွေးစီမံကိန်း (၁၁၁ မဂ္ဂါဝပ်) (သံတွဲ)တွင် တရုတ်နိုင်ငံ EXIM Bank ချေးငွေနှင့် နိုင်ငံပိုင် Free FE များဖြင့် ဆောင်ရွက်လုပ်ကိုင်ရသဖြင့် လိုအပ် ပြည်တွင်းသုံး အပါအဝင် အဓိကပံ့ပိုးပစ္စည်းများကို ဖြည့်ဆည်းခွင့်ပြုပေးရန် လိုအပ် ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။

(ဂ) စက်မှုလက်မှုကဏ္ဍ

(ဂ-၁) အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) သည် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ပင်းပက်ဒေသတွင် အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသော အမှတ်(၂)သံမဏိစက်ရုံ စီမံကိန်းမှ ၂၅ မမ အရွယ်အစား အထိ ကြိတ်ခွဲသန့်စင် ထုတ်လုပ်ပေးမည့် ကုန်ကြမ်းများရရှိရန် လိုအပ်ရာ ကုန်ထုတ်လုပ်မှုလျာထား ချက်အတိုင်း ပြည့်မီစွာထုတ်လုပ်နိုင်ရန် လိုအပ် ခြင်း၊ Phase - 2, Phase 2A နှင့် Phase 3 စီမံကိန်းများ၏ လက်ရှိ ပြီးစီး ထားမှု အခြေအနေများအပေါ် စီးပွားရေးတွက်ခြေကိုက်မှုနှင့် ယှဉ်လျက် ပြန်လည် စဉ်းစားသင့်ပါတယ်။

(ဃ) ဆောက်လုပ်ရေးကဏ္ဍ

(ဃ-၁) (မြင်းခြံခရိုင်) အတွင်းရှိ ချောင်းကူးတံတား (၃) စင်းအနက် ချောင်းမချောင်း နှင့် ဆီမီးကန်ချောင်းကူးတံတားကြီး (၂) စင်းကို ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာနှစ် အတွင်း အချိန်မီပြီးစီးရန်လည်း ကောင်း၊ ကိုင်းချောင်းတံတားကို ၂၀၁၅- ၂၀၁၆ ခုနှစ်အတွင်း ပြီးစီးနိုင်ရန် ပစ္စည်း/ငွေကြေး ပံ့ပိုးပေးသင့်ပါတယ်။

(ဃ-၂) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တိုင်းရင်းသားကုမ္ပဏီများအား BOT စနစ်ဖြင့် လမ်း/တံတား ဖြတ်သန်းခများ ကောက်ခံခြင်း လုပ်ကိုင်ခွင့်ပြုထားရာ ငွေကြေးကောက်ခံရုံ သက်သက်မဟုတ်ဘဲ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှု အသုံးချပြင်ဆင်ထိန်းသိမ်း ခြင်းများကို အဆိုပါကုမ္ပဏီများက လုပ်ဆောင်သွားရေး ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

(င-၁) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဆောင်ရွက်မည့် လုပ်ငန်းစဥ်(၈)ရပ်အနက် အချို့လုပ်ငန်းကဏ္ဍများတွင် အထက်အဆင့်မှ မူဝါဒ ချမှတ်ပေးချက်အရ သမားရိုးကျ ဆောင်ရွက်ချက်များအဖြစ်ကိုသာ လေ့လာ တွေ့ရှိရခြင်း၊ ချေးငွေများ လွယ်လွယ်ကူကူရယူပြီး အရင်းနှင့်အတိုး ပြန်ဆပ်ရန် အခက်အခဲတွေ့မည်ဖြစ်ခြင်း တို့ကို စဥ်းစားလျက် စီမံလျာထားချက်အတိုင်း အောင်မြင်စေရေး၊ ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။

(င-၂) ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ချေးငှားပေးခဲ့သော ချေးငွေများကို သက်သာ လွယ်ကူစွာ ချေးငှားရယူခဲ့သည့်နည်းတူ အတိုး နှင့် အရင်းများကို သတ်မှတ်ကာလများ အတွင်း ပြန်လည် ပေးဆပ်နိုင်ရေးကိုလည်း တာဝန်ရှိသူ အဖွဲ့အစည်းများအနေဖြင့် အလေးထား ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ပါတယ်။

အထွေထွေ

(က-၁) စီမံကိန်းလုပ်ငန်းများကို ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုရန်ပုံငွေနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေတို့ဖြင့် လုပ်ငန်းအမျိုးအစားအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်း ခန့်မှန်းကုန်ကျစရိတ်စာရင်းများကို ဒေသခွင့်ပြု လုပ်အားခ၊ သယ်ယူပို့ဆောင်ခ၊ ပစ္စည်းဈေးနှုန်းများအတိုင်း လုပ်ငန်းအခြေခံစံနှုန်းများနှင့်ကိုက်ညီသော ကျွမ်းကျင်မှုပိုင်းဆိုင်ရာနှင့် ငွေစာရင်းပိုင်းဆိုင်ရာ ရှုထောင့်တို့မှ ပြီးပြည့်စုံသော ခန့်မှန်းခြေစာရင်းများကို ကြိုတင်တင်ပြ ခွင့်ပြုချက် ရယူထားရန် လိုအပ်ပါတယ်။

(က-၂) ဝန်ကြီးဌာနများ လက်အောက်ရှိ ဦးစီးဌာနများ/ လုပ်ငန်းဌာနများသည် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် စီမံကိန်း/လုပ်ငန်းများ၏ သဘာဝအရ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ် ခေါင်းစဥ်များအောက်တွင် ရောထွေးသုံးစွဲခြင်းမျိုးမရှိစေရန် လိုက်နာ ဆောင်ရွက်သင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။

၄။ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီသည် တိုင်းဒေသကြီး (၃) ခုနှင့် ပြည်နယ်(၂)ခု တို့အတွင်း ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ စီမံကိန်း/ လုပ်ငန်းများကိုလည်းကောင်း၊ ယင်းဒေသများရှိ ကဏ္ဍအချို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်လည်းကောင်း အကန့်အသတ်ဖြင့် ကွင်းဆင်းသွားရောက် လေ့လာတွေ့ရှိချက်များအပေါ် အခြေခံလျက် တင်ပြခြင်းသာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှ ချမှတ်ထားသော မူဝါဒလမ်းညွှန်ချက်များနှင့်အညီ တင်ပြပါ စီမံကိန်းလုပ်ငန်း များ၏ အကျိုးသက်ရောက်မှုနှင့် ဆက်စပ်သောအခြေအနေများကိုသာ အပြုသဘောဖြင့် သုံးသပ် တင်ပြခြင်းသာဖြစ်ပြီး ခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ပါဝင်ခဲ့ကြတဲ့ ဒေသဆိုင်ရာ အုပ်ချုပ်မှု အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနအသီးသီးလက်အောက်ရှိ လုပ်ငန်းဌာနများကသာ ဆက်လက် အကောင် အထည်ဖော်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဤရေးရာကော်မတီအနေဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ပေးအပ်သော လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း နိဂုံးချုပ် ရင်း အစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ

**အမျိုးသားလွှတ်တော်၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများ ရေးရာကော်မတီ၏ ၂၀၁၄-၂၀၁၅ ခုနှစ် တတိယသုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၄း၃၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းများ ရေးရာကော်မတီ၏ ၂၀၁၄-၂၀၁၅ ခုနှစ် တတိယသုံးလပတ် ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၈)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၉) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၄း၃၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၁၄း၃၉ နာရီအချိန်တွင် ရပ်နားပါသည်။]